# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 29 October 2024 ၁၁၆၂၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပွင့်လင်းရာသီ ခရီးသွားဧည့်သည်များ ဝင်ရောက်လာပါက ဒေသထွက်ကုန်ပစ္စည်းများ ရောင်းအားကောင်းလာနိုင်

မင်းဘူး အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ပွင့်လင်းရာသီတွင် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ ဝင်ရောက်လာပါက မိမိတို့၏ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းအားကောင်းလာနိုင်ကြောင်း နဂါးပွက်တောင်ဈေးဆိုင်တန်းမှ ဒေသထွက်ကုန်ပစ္စည်းမျိုးစုံရောင်းချသူ မနီလာက ပြောသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




မင်းဘူးမြို့ နဂါးပွက်တောင်ဈေးဆိုင်တန်းမှ ကုန်ပစ္စည်းမျိုးစုံ အရောင်းဆိုင်ကို တွေ့ရစဉ်။



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ပန်းနှမ်း ၁၁၅ ဧက လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ပန်းနှမ်း ၁၁၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

## ကြိုးပမ်းဆောင်ရွက်

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းသီးနှံ ၁၁၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီစေရေးအတွက် လယ်ယာမြေ ထွန်ယက်ပြုပြင်ခြင်း၊ သီးနှံအထွက်နှုန်း ကောင်းမွန်စေရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍



ယနေ့ ဖတ်စရာ

ချောင်းသာနှင့် ရွှေသောင်ယံ ကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် စာမျက်နှာ » ၄

ထားဝယ်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ကျင်းပ စာမျက်နှာ » ၅



ကြိုတင်မျှော်လင့်မထားသော အခြေအနေအားလုံးအတွက် . . .

ဆောင်းပါး

စာမျက်နှာ » ၁၁

ကြေးမုံ

# နိုင်ငံတော်အမျိုးသားအားမာန်ထုတ်ဖော်

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားအားမာန်နှင့် တက်ကြွသည့်စွမ်းပကားများကို ထုတ်ဖော်ပြသကြရာ၌ နိုင်ငံအဆင့် အားကစားပြိုင်ပွဲများသည် အဓိကကျသည့် အခန်းကဏ္ဍများမှ ပါဝင်နေသည်။ အားကစားဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ မြင့်မားခိုင်ကျည်မှုကို ပြသနိုင်သည်။ အထူးသဖြင့် လူငယ်လူရွယ်များသည် အားကစားကဏ္ဍတွင် စိတ်ဝင်တစားပါဝင်လာကြပြီး စိတ်ဓာတ်ခွန်အားများ တိုးပွားစေရုံသာမက ပြည်သူတစ်ရပ်လုံးပါ စိတ်ဓာတ်နှင့်ခန္ဓာ ကျန်းမာကြံ့ခိုင်မှုတို့ကို ပေးစွမ်းနိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးပါဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး” လူမှုရေးဦးတည်ချက်ကို ချမှတ်ထားရာ ဦးတည်ချက်ပါအတိုင်း ကျန်းမာရေးနှင့် အားကစားကဏ္ဍကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ အားကစားကဏ္ဍတွင် ပြည်သူအားလုံးပါဝင်နိုင်အောင် စည်းရုံးလှုံ့ဆော်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၌ အားကစားပြိုင်ပွဲအမျိုးမျိုးကို ရာသီအလိုက် ကျင်းပဖော်ဆောင်ပေးလျက်ရှိသည်။ ပြည်တွင်းအားကစားပြိုင်ပွဲများတွင် အားကစားအဆင့်အတန်း အမြင့်မားဆုံးနှင့် ခမ်းနားထည်ဝါမှု အကြီးမားဆုံး အားကစားပြိုင်ပွဲသည် အမျိုးသားအားကစားပွဲတော်ဖြစ်သည်။

အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် ရန်ကုန်မြို့၌ စတင်ကျင်းပခဲ့ပြီး ၁၉၉၄ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပခဲ့သည်။ ထို့နောက် အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ အမျိုးသားအားကစားပွဲတော်သည် အားကစားကဏ္ဍ ပမာဏကြီးမားသဖြင့် အခြေအနေ အချိန်အခါသင့်သည့် အခါအားလျော်စွာ ကျင်းပခဲ့သည်။ ယခုအခါ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး အခက်အခဲအမျိုးမျိုးကြားမှ မြန်မာတို့၏ အားမာန်များကို ထုတ်ဖော်ပြသနိုင်ရန် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်ရည်ရွယ်၍ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အားကစားနည်း ၂၃ မျိုးဖြင့် လာမည့် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပဉ္စမအကြိမ်မြောက် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အားကစားသမားများ ပေါ်ထွက်လာနိုင်ပြီး နိုင်ငံတော်အဆင့်မှသည် အာဆီယံအဆင့် စံချိန်ချိုးနိုင်သည့် အားကစားသမားများ ပေါ်ထွက်လာနိုင်သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ထူးချွန်အားကစားသမားများ ရေရှည်ရပ်တည်စွမ်းဆောင်နိုင်ရန် ပံ့ပိုးပေးကြရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကလည်း နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မည့် အားကစားသမားများအဖြစ် မျှော်မှန်းပြီး ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို အောင်မြင်လိုသည့်စိတ်ဓာတ်ကောင်းများ၊ အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲအသီးသီးတွင် ထူးချွန်အောင်မြင်စွာ ပေါ်ထွက်လာသည့် အားကစားသမားများနှင့် ယခင်အစိုးရများလက်ထက်တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အားကစားသမားများကို ချီးမြှင့်ပေးခဲ့သလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်အဆင့် ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည်။ အာရှနှင့်အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၇၇ ခု၊ ငွေတံဆိပ် ၈၇ ခုနှင့် ကြေးတံဆိပ် ၁၅၉ ခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော အားကစားသမားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုကြေးငွေကျပ် ၇၄၅၂၃ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၉၀၀ ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ခမ်းနားထည်ဝါစွာ ကျင်းပပေးမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီး ဆင်နွှဲကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်ရာ အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အားကစားကဏ္ဍအသီးသီးတွင် ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာစေရန် အားလုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးအောင်လှိုင်မိုးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၆၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၂၈-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၀-၁၀-၂၀၂၄) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၇-၁၀-၂၀၂၄) ရက်နေ့ ည(၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၆၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀.၀၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အုတ်တွင်းမြို့နယ်၌ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**အုတ်တွင်း အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ အခြေခံပညာဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း (အုတ်တွင်း)နှင့် အခြေခံပညာ အလယ်တန်းကျောင်းခွဲ (ပဲခူးလမ်း)တို့တွင် ကျင်းပသည်။



ထိုသို့ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို အခြေခံပညာ အထက်တန်းကျောင်း(အုတ်တွင်း) တွင် ကျင်းပရာ Grade-5 မှ Grade-9 အထိ ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ ၁၆၁ ဦးတို့က အဆင့်နှစ်ဆင့်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြို့နယ်အဆင့်ကို အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် အတန်းအားလုံးမှ ကျောင်းသားတစ်ဦး၊ ကျောင်းသူတစ်ဦးစီ ရွေးချယ်ပေးမည်ဖြစ်ပြီး ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများမှာ ပဲခူးတိုင်းဒေသကြီး အဆင့်သို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါမြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပရာတွင် အုတ်တွင်းမြို့နယ် ပညာရေးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမကြီးများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၄၅၀ | ၃,၇၈၀,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၂၉၁ | ၉၇၄,၈၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၃၇ | ၃၁၀,၈၀၀ |
| FPB | ၂,၁၀၀ | ၂,၀၅၀ | ၁၇၂ | ၃၆၁,၁၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၄၆၉ | ၇၈၂,၃၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၅ | ၂၂,၅၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၀၀ | ၈၇၃ | ၂,၉၁၉,၆၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအောင်မင်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဌ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဌာန၏လုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် အပတ်တကုတ် ကြိုးစားကြရမည်





**နေပြည်တော် အောက်တိုဘာ ၂၈**

ဌာန၏လုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် အပတ်တကုတ်ကြိုးစားကြရမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ တိုင်းဒေသကြီးတို့မှ ဦးစီးအရာရှိ အဆင့်အရာရှိ သင်တန်းသား ၂၀ နှင့်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုနှင့် ထိတွေ့နေရသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများကိုယ်တိုင် အတွေးအခေါ်၊ အယူအဆရင့်သန်ရန်နှင့် စိတ်ဓာတ်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် နည်းပညာခေတ်တွင် ဝန်ထမ်းများ အရည်အသွေးပြည့်ဝရန်နှင့် လုပ်ရည်ကိုင်ရည် တိုးတက်ရန် သိသင့်သိထိုက်သည်များကို အစဉ်လေ့လာသင်ယူရန် လိုအပ်ကြောင်း၊ မိမိတို့နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည့် အခြားသော ဝန်ထမ်းငယ်များကိုလည်း အသိပညာများ ပြန်လည်မျှဝေပေးစေလိုကြောင်း၊ ပိုမိုသစ်လွင်ကောင်းမွန်သည့် တီတွင်ဆန်းသစ်မှုများကိုလည်း လေ့လာသင်ယူကြပြီး လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၂/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒေသထွက်ကုန် အရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

**✪ ရွှေဖုံးမှ**

"ကျွန်တော်တို့ မင်းဘူးမြို့က သမိုင်းဝင်တန်ခိုးကြီးဘုရားတွေနဲ့ အထင်ကရနေရာများစွာ ရှိနေတာကြောင့် ဘုရားပွဲရာသီ တစ်ရာသီမှာ ခရီးသွားညေ့်သည် ငါးသိန်းကျော်ခြောက်သိန်းခန့်လာရောက်လည်ပတ်ကြပါတယ်။ အခုနှစ်မှာလည်း တန်ခိုးကြီးဘုရားတွေနဲ့ အထင်ကရနေရာ တော်တော်များများမှာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိရာ မင်းဘူးမြို့နယ်မှာ ခရီးသွားပြည်သူတွေနဲ့ စည်ကားဦးမှာပါ"ဟု ရွှေစက်တော် ဂေါပကအဖွဲ့ဝင် ဦးအုံးလှိုင်က ပြောသည်။

မင်းဘူးမြို့နယ်အတွင်းမှ ဒေသထွက်ပစ္စည်းများမှာ ငဖဲနယ်ဘက်မှ ချင်းရိုးရာပစ္စည်းများဖြစ်သော ပလိုင်း၊ တောင်း၊ ခမောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ရွှေစက်တော်နယ်တစ်ဝိုက်မှ သစ်ဥ၊ သစ်ဖု၊ ပျားရည်၊ ဝက်မြေဥနှင့် ဆေးမြစ်များ၊ မင်းဘူးမြို့နှင့် အနီးအနားဝန်းကျင်မှ မရွေးပွ၊ ပါပလာ၊ ပဲရွကြော်၊ ပဲပွကြော်၊ ပေါက်ပေါက်ကြော်၊ ပြောင်းဖူးစေ့အပွအရွကြော်များအပြင် သနပ်ခါးတုံးများကို ဒေသထွက် အိမ်အပြန်လက်ဆောင်ပစ္စည်းများ အဖြစ်ရောင်းချလျက်ရှိရာ ယခုနှစ်ပွင့်လင်းရာသီ မှာလည်း ရောင်းအားကောင်းလာနိုင်ကြောင်း ဈေးသည်များက မျှော်လင့်နေကြသည်။

**ဇေယျာထက်(မင်းဘူး)**

# သဃ်န်းကျွန်းခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့် အဆင့်မြင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးမင်းစမ်းအေးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကိုကိုကြီးက မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပါက သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေး အသင်းအဖွဲ့များက စည်းလုံးညီညွတ်စွာဖြင့် လူစွမ်းအား၊ ယာဉ်စက်စွမ်းအား၊ နည်းပညာစွမ်းအားဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းပါးစေရေးအတွက် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်သင်ကြားရခြင်း ဖြစ်ကြောင်း သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးမင်းစမ်းအေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်စီမံ အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ သဃ်န်းကျွန်းခရိုင်အတွင်းရှိ မြို့နယ်များမှ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များမှ သင်တန်းသား ၅၀ ဖြင့် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**တောင်ကြီး အောက်တိုဘာ ၂၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်း**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းမှု ရှိရန် လိုအပ်ကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍမှ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် အစွမ်းကုန်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

**ဖွင့်လှစ်သင်ကြား**

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ခပေါင်းရေကြည်ရပ်ကွက်ရှိ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ သွားရောက်ကြည့်ရှုပြီး သင်တန်းများစဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးရေး မှာကြားသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာတွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ဆက်စပ်သင်တန်းများကို ဆက်လက်ဖွင့်လှစ် သင်ကြားပေးနိုင်ရေး စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ရွှေသောင်ယံကမ်းခြေဒေသ Sea & Lake အပန်းဖြေစခန်းသို့ရောက်ရှိပြီး ဒီရေတောစိုက်ခင်းများကို စနစ်တကျထိန်းသိမ်း၍ ခရီးသွားဆွဲဆောင်မှုတစ်ခုအနေဖြင့် စီစဉ်ဆောင်ရွက်ထားမှု၊ ကျောက်စိမ်းပြတိုက်နှင့် သစ်သားပန်းပုပြတိုက်များ ခင်းကျင်းပြသထားမှု၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် စွန့်စားအားကစား ခရီးသွားလုပ်ငန်း အစီအစဉ်များဖြစ်သည့် Zip Lining၊ Wall Climbing ၊ Quick Jump အစရှိသည့် အားကစားနည်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ချောင်းသာရုံးခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ချောင်းသာကမ်းခြေခရီးစဉ်ဒေသ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး ဌာနပိုင်အဆောက်အအုံများနှင့် တည်ဆောက်ဆဲဟိုတယ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ချောင်းသာကမ်းခြေဒေသ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ချောင်းသာကမ်းခြေဒေသ Azura Beach ဟိုတယ်၌တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ချောင်းသာကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ ချောင်းသာကမ်းခြေသို့ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုအခြေအနေနှင့်ဝန်ဆောင်မှုပေးနေမှုများ၊ ကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကျွန်းစုမြို့နယ်၌ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲ ကျင်းပ

**ကျွန်းစု အောက်တိုဘာ ၂၈**

တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ အရေးပေါ် အသက်ကယ်ဆယ်နိုင်ရေး ပညာရပ် တတ်မြောက်စေရန်အတွက် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက်တွင် ကျွန်းစုမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ခရိုင်တပ်ဖွဲ့မှူး ဦးထက်မြက်စိုးက ကြက်ခြေနီတပ်ဖွဲ့၏ ဖွဲ့စည်းပုံများနှင့် ဆောင်ရွက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြောကြားပြီး တိုင်းနည်းပြမှူး ဒေါ်စန္ဒာဝင်းက ဆေးအိတ်များ ပေးအပ်ခဲ့ရာ ကျောင်းအုပ်ကြီး ဒေါ်ငွေးငွေးဝင်းက လက်ခံရယူသည်။



သင်တန်းတွင် မြို့ပေါ်ရပ်ကွက်များမှ စိတ်ပါဝင်စားသူ ၃၁ ဦး တက်ရောက်ခဲ့ပြီး ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ လူနာသယ်ဆောင်နည်း၊ ပတ်တီးစည်းနည်းများ စသည့်ပညာရပ်များကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# ကလောမြို့ပေါ်ရပ်ကွက်များ၌ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်

**ကလော အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ပေါ် ရပ်ကွက်များ သောက်သုံးရေ ဖြန့်ဝေပေးနေသည့် ရေအေးကန်ရေပိုက်လိုင်းများ ရေကြီး၊ ရေလျှံမှုကြောင့် ပျက်စီးသွားသော ရေအေးကန် ရေပေးဝေရေး ပိုက်လိုင်းများ ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုနှင့် ရပ်ကွက်များသို့ ရေဖြန့်ဝေရောက်ရှိမှု အခြေအနေများကို အောက်တိုဘာ ၂၇ ရက်က ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ရေပေးဝေရေးလုပ်ငန်းအတွက် ရေပိုက်လိုင်းများကို ရေရှည်ကောင်းမွန်စွာ ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ရပ်ကွက်များသို့ ရေပုံမှန်ပေးဝေနိုင်ရေး စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။

ကလောမြို့တွင် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီး၊ ရေလျှံမှုကြောင့် ကလောမြို့ သောက်သုံးရေ ပေးဝေနေသည့် ရေပိုက်လိုင်းများ ပျက်စီးခဲ့ရာ ကလောမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့်တာဝန်ခံ အင်ဂျင်နီယာတို့ ဦးဆောင်၍ ရေပိုက်လိုင်း အမြန်ဆုံးကောင်းမွန်စေရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မြို့ပေါ်ရပ်ကွက်များသို့ ပြည်သူများအတွက် သောက်သုံးရေများ အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် – ၀၆၇ – ၄၃၁၀၆၂၊ ၀၆၇ – ၄၃၁၃၅၉၊ ၀၆၇ – ၄၃၁၀၆၇၊ ၀၆၇ – ၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)


## ထားဝယ်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မှတ်တမ်းဓာတ်ပုံများ၊ စကားရည်လုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မြန်မာသတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အားကစားအနေဖြင့် ခါးကွင်းလှည့်ကစားနည်း၊ ခွက်နင်းကစားနည်းများနှင့် စာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းမှလာရောက်လေ့လာသူများနှင့် ပန်းကုံ့ကော်ရန့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် Edu Park ကိုယ်ပိုင်အထက်တန်းကျောင်းမှ လေ့လာသူများ တက်ရောက်ကြပြီး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြဘုတ်များနှင့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လပွတ္တာခရိုင်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ

**လပွတ္တာ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၁ နာရီက လပွတ္တာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ တိုင်းဒေသကြီးပညာရေးမှူး ဦးတိုးဝင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ လှပသာယာ ပြည်မြန်မာ ဓာတ်ပုံပြခန်း၊ ဖွံ့ဖြိုးဝေစည်ဧရာဝတီ ဓာတ်ပုံပြခန်း၊ ပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်း ၁၉ ခန်းနှင့် ကာယဉာဏပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲနေသည့် ကျောင်းသား ကျောင်းသူများအား လှည့်လည်ကြည့်ရှုအားပေးသည်။



ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာသင်ခြင်းသည် နိုင်ငံ၏အနာဂတ်တွင် မရှိမဖြစ် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ခြင်းဖြစ်၍ လူငယ်များအပါအဝင် ပြည်သူများစာဖတ်ကြစေရန်၊ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်များ ဖန်တီးပေးရန်နှင့် အသိပညာမြင့်မားအောင်လုပ်ဆောင်ကြရန်အတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေးကို လုပ်ဆောင်ကြရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ကြီးကြပ်ခြင်း၊ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လပွတ္တာခရိုင်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက သီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေကြရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ❍ ပွင့်ဖြူမြို့နယ်မှ

"ဒီနှစ်ဆောင်းရာသီမှာ ပန်းနှမ်းသီးနှံ ၁၁၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ပန်းနှမ်းသီးနှံက ဒီဒေသမှာ အောင်မြင်ဖြစ်ထွန်းတဲ့အတွက် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေက အားထားစိုက်ပျိုးကြပါတယ်။ ပန်းနှမ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေကိုအခက်အခဲမရှိအောင် စိုက်နည်းစနစ်နဲ့ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိအောင် ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခင်နှစ်က ဆီထွက်သီးနှံ ပန်းနှမ်း ၁၂၁ ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ်တွင်လည်း ပန်းနှမ်း ၁၁၅ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဒီမိုကရေစီမှ နန်းစဉ်နိုင်ငံရေးသို့ အင်ဒိုနီးရှားအစိုးရအသစ်နှင့် ရှေ့အလားအလာ

**ကိုကိုလှိုင်**

(ယမန်နေ့မှအဆက်)

**၂၀၂၄ ရွေးကောက်ပွဲ နိုင်ငံရေး ရွှေ့ကွက်များ**

၂၀၁၄ မှ ၂၀၂၄ ခုနှစ်အထိ သမ္မတသက်တမ်း ၁၀ နှစ်ကာလအတွင်း သမ္မတ ဂျိုကိုဝီမှာ များစွာ အတွေ့အကြုံရင့်ကျက်ပြီး လုံးဝပုံစံပြောင်းလဲသွားခဲ့သည်။ ဂျာဗားကျွန်းမှ ဂျကာတာမြို့တော်သို့ ရောက်ရှိလာသည့် အစိမ်းသက်သက် တောသားနိုင်ငံရေးသမား မဟုတ်တော့ပေ။ ထိုက်သင့်သည့် အတွေ့အကြုံ ဗဟုသုတ၊ အဆက်အသွယ်ကွန်ရက်နှင့် နိုင်ငံရေးအရင်းအနှီးတို့ စုဆောင်းမိခဲ့ပြီဖြစ်သည်။ လူ့အသိုက်အဝန်း ကျဉ်းကျဉ်းကလေး၌ လူကြီးလုပ်ရခြင်းမှာ (A big fish in a small pond) ရေအိုင်သေးသေးကလေးထဲ၌ ငါးရံ့ခေါင်းတိုက ဗိုလ်လုပ်ရသည်နှင့် တူ၏။ လူဦးရေသန်း ၂၈၀ ကျော်ရှိပြီး ကျွန်းပေါင်း ၁၇၀၀၀ ရှိသော နိုင်ငံကြီးကို အုပ်ချုပ်ရခြင်းမှာကား ပင်လယ်အတွင်း၌ ရှင်သန်နိုင်ရန် ကြိုးပမ်းရခြင်းမျိုးဖြစ်လေရာ ငါးရံ့ခေါင်းတို့၏ ဗဟုသုတ၊ အမူအကျင့်၊ ခွန်အားမျှနှင့် မလုံလောက်တော့ပေ။ ရောမသို့ရောက်လျှင် ရောမသားတို့ကဲ့သို့ ကျင့်ရမည်ဟု ဆိုရိုးရှိသည်နှင့်အညီ ဂျိုကိုဝီသည်လည်း ဂျကာတာနိုင်ငံရေးကို ဂျကာတာသား အင်ဒိုနီးရှားရေပေါ်ဆီ အသိုက်အဝန်းတို့၏ ပုံစံအတိုင်း လိုက်နာကျင့်ကြံရပေတော့သည်။ ဂျိုကိုဝီကို ပုံသွင်းစင်တင်ပေးခဲ့သည့် ဒီမိုကရေစီနှင့် လစ်ဘရယ်စံနှုန်းတန်ဖိုးစသည့် နိုင်ငံရေးကျမ်းစာလာ သဘောတရားတို့သည် လက်တွေ့ဘဝနိုင်ငံရေး (Real politik) ကျားကွက်များအောက်၌ မှေးမှိန်သွားခဲ့လေပြီ။

ဂျိုကိုဝီလည်း အသက်ရခဲ့ပြီ။ ၁၉၆၁ ခုနှစ်ဖွား ဂျိုကိုဝီသည် အသက် (၆၃) နှစ် ရှိခဲ့ပြီဖြစ်ပြီး နောက်ထပ် သမ္မတဆက်လုပ်ရန်လည်း အခွင့်မရှိတော့ပြီဖြစ်ရာ သူ၏ မျိုးဆက်ရင်သွေး နန်းညွှန့်များကိုသာ နန်းစဉ်နိုင်ငံရေး အမွေပေးခဲ့ရန် စဉ်းစားရတော့မည်ဖြစ်သည်။ ထိုသို့ နိုင်ငံ့ခေါင်းဆောင်သားသမီးများ ခေါင်းဆောင်ဆက်လုပ်ကြသည်မှာ ဒီမိုကရေစီနိုင်ငံကြီးများအပါအဝင် ကမ္ဘာပေါ်၌ ထူးဆန်းလှသည့် ကိစ္စတော့မဟုတ်ပေ။ အမေရိကန်၌ သမ္မတဘုရှ်သားအဖ၊ အိန္ဒိယ၌ နေရူး၊ အင်ဒီရာ ဂန္ဒီ၊ ရာဂျစ်ဂန္ဒီနန်းဆက်၊ ပါကစ္စတန်၌ ဘူတို ဖခင်နှင့်သမီး၊ ဘင်္ဂလားဒေ့ရှ်၌ ရှိမူဂျစ်နှင့် ရှိတ်ဟာဆီနာ၊ ဖိလစ်ပိုင်၌ အကွီနို၊ မားကို့စ်၊ အာရိုယို၊ ထိုင်းနိုင်ငံ၌



အင်ဒိုနီးရှားသမ္မတသစ် ပရာဘိုဝို ကျမ်းသစ္စာကျိန်ဆိုနေသည်ကို တွေ့ရစဉ်။

သက်ဆင်နန်းဆက်၊ ကမ္ဘောဒီးယား၌ ဟွန်ဆန်သားအဖ စသည် စသည်ဖြင့် များပြားလှသည်။

သို့ရာတွင် ဂျိုကိုဝီ၏ ရင်သွေးများအား နိုင်ငံရေးနန်းဆက်အမွေပေးရေးတွင် အဖုအထစ် အခက်အခဲအချို့ ရှိနေခဲ့သည်။ ဂျိုကိုဝီတွင် အရွယ်ရောက်ပြီးဖြစ်သော သားနှစ်ဦးရှိရာ သားအကြီး ဂီဘရန် ရာကာဘူမင်နှင့် သားအငယ် ကေဆန် ပန်ဂါရက်တို့ဖြစ်သည်။ ညီအစ်ကိုနှစ်ယောက်မှာ အသက် ၁၀ နှစ်ခန့်ကွာကြလေရာ သားအကြီးက သမ္မတသက်တမ်း ၁၀ နှစ်ပြည့်ချိန်တွင် သားအငယ်က သမ္မတအသစ်အဖြစ် ထီးမွေနန်းမွေဆက်ခံရန် အသင့် ဖြစ်နေပေလိမ့်မည်။ ယင်းစိတ်ကူးမှာ သမ္မတ ဂျိုကိုဝီကတော် မဒမ်အီရီယန်နာက စတင်ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း မီဒီယာအချို့က ဆိုကြသည်။

မည်သို့ပင်ဖြစ်စေ သားများအတွက် ပဒေသရာဇ်စနစ်ကဲ့သို့ အဖေနန်းစွန့်သည်နှင့် သားဖြစ်သူ ဥပရာဇာက အကြားအလပ်မရှိ ချက်ချင်း ထီးနန်းဆက်ခံသည့် "အဝိဂတပစ္စယော" ပုံစံတော့လုပ်၍ ရမည်မဟုတ်ပေ။ ဒီမိုကရေစီနိုင်ငံဖြစ်သည့်အားလျော်စွာ သားများအတွက် "နိုင်ငံရေး အလုပ်သင်" ကာလတစ်ရပ်ကိုမူ ဖြတ်သန်းပေးရပေလိမ့်မည်။ ယင်းမှာလည်း မဖြစ်နိုင်သည်မဟုတ်။ နောက်ရွေးကောက်ပွဲတွင် အလားအလာရှိသည့် ပြိုင်ဘက်ပါတီမှ သမ္မတလောင်းနှင့် "ဆန်ပေး၍ ဆေးရ"သည့် နိုင်ငံရေးအပေးအယူလုပ်ကာ ယင်းသမ္မတလောင်း၏ တွဲဖက် ဒုတိယသမ္မတလောင်းအဖြစ် ထည့်သွင်းပေးလိုက်ရန်သာဖြစ်၏။ ဤနည်းဖြင့် ပြိုင်ဘက်ပါတီမှ သမ္မတလောင်းလည်း ပါတီနှစ်ခုပေါင်း ထောက်ခံမှုဖြင့် ရှောရှောရှူရှူ သမ္မတဖြစ်၊ သားတော်မောင်လည်း ဒုတိယသမ္မတဖြစ်၊ ဆိတ်နှင့်ခွေး ဇာတ်လမ်းကဲ့သို့ မိမိတို့လိုရာကို လဲလှယ်ရယူနိုင်ကြမည် ဖြစ်လေသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ပြိုင်ဘက်ပါတီမှ သမ္မတဟောင်း ဖာဒီနန်မားကို့စ်၏ သား မားကို့စ်ဂျူနီယာ (ဘွန်ဘွန်း)နှင့်အတူ အာဏာရပါတီမှ သက်တမ်းကုန်သမ္မတ ဒူတာတေး၏ သမီးကို ဒုတိယသမ္မတလောင်းအဖြစ်တွဲ၍ ရွေးကောက်ခံစေသောသာဓကမှာလည်း လောလောလတ်လတ် ရှိနေလေသည်။

သို့သော် အဓိကအခက်အခဲမှာ ဂျိုကိုဝီ၏ သားတော်မောင်များက ရည်မှန်းထားသည့် နိုင်ငံရေးရာထူးများအတွက် အခြေခံဥပဒေက သတ်မှတ်ထားသည့်အသက်များ မပြည့်မီသေးခြင်းဖြစ်သည်။ သားအကြီး ဂီဘရန်က သမ္မတ/ ဒုတိယသမ္မတလောင်း ရွေးကောက်ပွဲဝင်ရန် အနိမ့်ဆုံးသတ်မှတ်ထားသည့် အသက် (၄၀) မပြည့်သေး။ အသက် (၃၇) နှစ်သာ ရှိသေးသည်။ သားအငယ် ကေဆန်ကိုလည်း ဂျကာတာမြို့တော်ဝန် မျှော်မှန်းထားရာ သူကလည်း သတ်မှတ်ထားသော အသက် (၃၀) မပြည့်သေးပေ။

ယင်းအတွက် "လိုလျှင်ကြံဆ၊ နည်းလမ်းရ" ဆိုသကဲ့သို့ ဥပဒေ၏ဟာကွက် လစ်ကွက်၊ မျှော့ကြိုးကဲ့သို့ ဆွဲဆန့်ရမည့်အကွက်များကို ရှာကြံရတော့သည်။ သားအကြီး ဂီဘရန်အတွက်မူ ဂျိုကိုဝီ၏ ယောက်ဖ၊ ဂီဘရန်၏ ဦးလေးဖြစ်သူ အခြေခံဥပဒေခုံရုံးဥက္ကဋ္ဌ တရားသူကြီးချုပ် အန်နဝါအူစမန်က သမ္မတ/ဒုတိယသမ္မတလောင်းသည် ယခင်က ရာထူးတစ်ခုအတွက် ရွေးကောက်တင်မြှောက်ခံရဖူးသူဖြစ်လျှင် အသက်ကန့်သတ်ချက်ထားရှိရန် မလိုဟူ၍ စီရင်ဆုံးဖြတ်လိုက်သည့်အတွက် အဆင်ပြေသွားခဲ့သည်။ ဂီဘရန်မှာ ဖခင်ဖြစ်သူ၏ အရိုက်အရာကိုဆက်ခံ၍ ၂၀၂၀ ပြည့်နှစ်တွင် ဆူရာကာတာမြို့တော်ဝန်အဖြစ် ရွေးကောက်ခံခဲ့ရသောကြောင့်ဖြစ်၏။ တရားရုံးစီရင်ချက်မှာ သမ္မတ/ ဒုတိယသမ္မတလောင်းများ မှတ်ပုံတင်ရန် သုံးရက်အလိုတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤစီရင်ချက်မှာ ယခင်က တရားရုံးဆုံးဖြတ်ချက်များကို ချိုးဖောက်၍ မျက်နှာလိုက်သည်ဟုဆိုကာ လူမှုအဖွဲ့အစည်းနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများက တရားရေးကျင့်ဝတ်ကောင်စီကို တိုင်တန်းအရေးဆိုကြသောကြောင့် ဦးလေးဖြစ်သူ အန်နဝါမှာ အခြေခံဥပဒေခုံရုံးဥက္ကဋ္ဌ တရားသူကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။

သို့ရာတွင် သားငယ်ကေဆန်မှာမူ အစ်ကိုဖြစ်သူကဲ့သို့ ကံမကောင်းခဲ့ပေ။ ပါလီမန်တွင် ဂျိုကိုဝီနှင့် ပရာဘိုဝိုတို့ ဦးစီးသည့်ပါတီများမှ အမတ်များက မြို့တော်ဝန်အဖြစ် အရွေးခံမည့်သူများသည် ရွေးကောက်ပွဲနေ့၌ အသက် (၃၀) မပြည့်သေးလျှင်ပင် ကျမ်းသစ္စာကျိန်ဆိုသည့်နေ့၌ အသက် (၃၀) ပြည့်ပြီးလျှင် ရွေးကောက်ပွဲ ဝင်ခွင့်ပြုနိုင်သည်ဟူသော ဥပဒေကြမ်းကို တင်သွင်းခဲ့ရာ တစ်နိုင်ငံလုံးက မကျေမနပ်ဖြစ်၍ ဆူပူဆန္ဒပြကြသောကြောင့် အခြေခံဥပဒေတရားရုံးကလည်း ယင်းကိစ္စကို ပယ်ချသည့် စီရင်ချက် ချမှတ်ခဲ့သည်။ ထို့ကြောင့် ကေဆန်မှာ ဂျကာတာမြို့တော်ဝန်ရာထူးနှင့်လွဲခဲ့ရသည်။ သားကြီးဖြစ်သူ ဂီဘရန် ဒုတိယသမ္မတဖြစ်ရေးအတွက် ဂျိုကိုဝီသည် သူ၏ နိုင်ငံရေးအခြေကုပ်ဖြစ်သော PDI-P ပါတီ၏ ဥက္ကဋ္ဌ မီဂါဝတီနှင့်အတိုက်အခံပြုကာ ညောင်ညိုပင်စခန်းမှ လမ်းခွဲခဲ့ရသည်။ မီဂါဝတီက သူကြိုးဆွဲနိုင်မည့် လူယုံဖြစ်သော ပါတီဒုတိယဥက္ကဋ္ဌ ဂန်ဂျာကို ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းလိုသော်လည်း ဂျိုကိုဝီက ပြိုင်ဘက်ဟောင်း ပရာဘိုဝိုကို ထောက်ခံခဲ့သည့်အတွက် စိတ်ဝမ်းကွဲခဲ့ရခြင်းဖြစ်၏။

မည်သို့ပင်ဖြစ်စေ ဂျိုကိုဝီနှင့် ပရာဘိုဝိုတို့၏ စနစ်တကျအကွက်ချထားသော ရွေးကောက်ပွဲ စီမံကိန်းကြီးကား ကောင်းစွာ အောင်မြင်ထမြောက်သွားခဲ့သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်က သမ္မတလောင်း ပရာဘိုဝိုနှင့် ဒုတိယသမ္မတလောင်း ဂီဘရန်တို့သည် ထောက်ခံမဲ ၅၉ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသွားကြောင်း ကြေညာခဲ့သည်။ သို့သော်လည်း သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို ခုနစ်လကျော်အချိန်ယူ၍ အောက်တိုဘာလ ၂၀ ရက်နေ့ကျမှ ကျင်းပရန် စီစဉ်ခဲ့သည်။ ထိုကာလအတွင်း သမ္မတဟောင်း ဂျိုကိုဝီက အာဏာကို နောက်ကွယ်မှ ရေရှည်ထိန်းချုပ်နိုင်ရန် ကြိုတင်ပြင်ဆင် ကျားကွက်ရွှေ့နေသကဲ့သို့ သမ္မတအသစ်ဖြစ်လာမည့် ပရာဘိုဝိုကလည်း နိုင်ငံတကာသို့ လှည့်ပတ်သွားလာ၍ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံကာ သူ၏ နိုင်ငံတကာပုံရိပ်ကို မြှင့်တင်ရန် ကြိုးစားနေခဲ့သည်။ ပရာဘိုဝိုတွေ့ဆုံခဲ့သော ခေါင်းဆောင်များတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ပူတင်တို့အပါအဝင် ဥရောပနှင့် အာရှမှ နိုင်ငံပေါင်း ၂၀ ကျော် ပါဝင်သည်။ ပရာဘိုဝိုအနေဖြင့် သူ့အရင် သမ္မတ ဂျိုကိုဝီကဲ့သို့ နိုင်ငံခြားဆက်ဆံရေးကိစ္စများကို နိုင်ငံခြားရေးဝန်ကြီးဖြင့်သာ လွှဲအပ်တာဝန်ပေးထားမည့်ပုံမရှိဘဲ သူကိုယ်တိုင် ကိုင်တွယ်မည့်ပုံရှိသည်ဟု လေ့လာသူများက မှန်းဆခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ☆

> ❛ **စီးပွားရေးအပိုင်းတွင် လက်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ငါးရာခိုင်နှုန်းခန့်မှ ပရာဘိုဝို၏ ပထမအစိုးရသက်တမ်းအဆုံး လာမည့်ငါးနှစ်တွင် ရှစ်ရာခိုင်နှုန်းအထိ တိုးတက်ရန် မျှော်မှန်းထားသည်။ နှစ်စဉ် ဒေါ်လာဘီလီယံ ၂၀ ဖိုးခန့် ဒီဇယ်လောင်စာဆီ တင်သွင်းနေရမှုကို လျှော့ချရန် ပြည်တွင်းထွက်စားအုန်းဆီမှ ဇီဝလောင်စာဆီ တိုးမြှင့်ထုတ်လုပ်ရန်၊ ဟွန်ဒိုင်း၊ LG စသော ကုမ္ပဏီများနှင့်ပူးပေါင်း၍ ပြည်တွင်း၌ လျှပ်စစ်ကားဘက်ထရီထုတ်လုပ်ရန်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပြည်တွင်းဈေးကွက်၌ လိုအပ်သောကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်သွားရန် စသည့် အချက်များပါဝင်** ❜

☆ စာမျက်နှာ ၆ မှ

### ပရာဘိုဝို၏ အစိုးရအဖွဲ့သစ်နှင့် ရှေ့အလားအလာ

ပရာဘိုဝို၏ အစိုးရအဖွဲ့သစ်သည် ၂၁-၁၀-၂၀၂၄ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ရာ ဝန်ကြီး ၄၈ ဦး၊ ဝန်ကြီးအဆင့် အဖွဲ့အစည်းအကြီးအကဲ ငါးဦးပါဝင်သည်။ ဒုတိယဝန်ကြီးများနှင့် အဆင့်တူများပါ ပေါင်းပါက ၁၀၉ ဦးပါဝင်ပြီး ၁၉၆၆ ခုနှစ်က သမ္မတ ဆူကာနို၏ ဝန်ကြီးအဖွဲ့ ၁၃၂ ဦး ပြီးလျှင် အင်ဒိုနီးရှားတွင် အင်အားအများဆုံး အစိုးရအဖွဲ့ ဖြစ်သည်ဟု ဆိုသည်။

ပရာဘိုဝိုက သူ၏အစိုးရအဖွဲ့သည် အင်အားတောင့်တင်းသော အစိုးရဖြစ်စေရန် ရည်ရွယ်ဖွဲ့စည်းထားသည်ဟု ပြောကြားခဲ့ပြီး အင်ဒိုနီးရှားတစ်နိုင်ငံလုံးကိုကိုယ်စားပြုသည့် အနီနှင့်အဖြူ (အင်ဒိုနီးရှားအလံ) အစိုးရဖြစ်သည်ဟု ဆိုသည်။ ပရာဘိုဝို ပြောကြားသည့်အတိုင်းပင် သူ၏ အစိုးရအဖွဲ့မှာ ဖက်စပ်ညွန့်ပေါင်းအစိုးရပုံစံ ဖြစ်သည်ကို တွေ့ရသည်။ အစိုးရအဖွဲ့အတွင်း၌ အမာခံအင်အားစု သုံးဖွဲ့ရှိရာ ဂျိုကိုဝီ၏ အတွင်းလူများ၊ ပရာဘိုဝို၏ အတွင်းလူများနှင့် ဂျိုကိုဝီလက်ထက်က ခန့်အပ်တာဝန်ပေးခဲ့သော ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်များဖြစ်သည်။ ထို့ပြင် မိတ်ဖက်ပါတီများမှ ခေါင်းဆောင်များကိုလည်း ဒုတိယဝန်ကြီးချုပ်အဆင့် သဘောမျိုးဖြစ်သည့် ပေါင်းစပ်ညှိနှိုင်းရေး ဝန်ကြီးများအဖြစ် ခန့်ထားသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် သမ္မတဟောင်း ယူဒိုယိုဒို (SBY) ၏ ဒီမိုကရက်ပါတီ (PD)မှ ပါတီခေါင်းဆောင် (SBY ၏ သား) အာဂုစ်ဟာရီ မူရ်တီ ယူနိုယိုဒို (AHY) အား အခြေခံအဆောက်အအုံနှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဂိုလ်ကာပါတီခေါင်းဆောင် ဟာတာတိုအား စီးပွားရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ဝန်ကြီးအဖြစ် လည်းကောင်း၊ အစ္စလမ္မစ်ဝါဒီ National Awakering Party ခေါင်းဆောင် မူဟိုင်းမင်း အစ္စကန်ဒါအား လူမှုအသိုက်အဝန်းအားမြှင့်တင်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့သည်။ ဂျိုကိုဝီ၏ စီးပွားဖက်ဖြစ်သူ လူဟွတ်မှာ အမျိုးသားစီးပွားရေးကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ ပရာဘိုဝို၏ လူယုံဖြစ်သည့် ဆူဂျီယိုနိုမှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ဝန်ကြီးဌာနများမှာမူ ဂျိုကိုဝီ လက်ထက်က လူဟောင်းများ ဆက်လက်ပါဝင်လာကြသည်ကို တွေ့ရသည်။ ဤနည်းအားဖြင့် ပရာဘိုဝို၏ အစိုးရအဖွဲ့သစ်မှာ အားလုံးကျေနပ်အောင် အားလုံးပါဝင်နေရာရကြသည့် အင်အားကြီးမားသော အစိုးရအဖွဲ့တစ်ခုဖြစ်လာခဲ့သည်ကို တွေ့ရလေသည်။

ပရာဘိုဝို ရှေ့ဆက်သွားမည့် မူဝါဒနှင့်ပတ်သက်၍ ပြည်တွင်းနိုင်ငံရေးတွင် အများကြိုက် မူဝါဒများဖြင့် လူထုထောက်ခံမှုကို ဆက်လက်ဆွဲဆောင် ထိန်းသိမ်းသွားရန် ရည်ရွယ်ထားဟန်ရှိသည်။ ဒေါ်လာဘီလီယံ ၃၀ ခန့် ကုန်ကျမည့် “ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်များနှင့် စာသင်ကျောင်းများ၌ အခမဲ့နေ့လယ်စာကျွေးရေး” အစီအစဉ်မှာ ထင်ရှားသောသာဓကဖြစ်၏။ ယင်းပမာဏမှာ အင်ဒိုနီးရှားအစိုးရ၏ ၂၀၂၄ ခုနှစ် ဘတ်ဂျက်တစ်ခုလုံး၏ ၁၄ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုသည်။ စာသင်ကျောင်း အခမဲ့ နေ့လယ်စာ၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ စားရေရိက္ခာဖူလုံရေး၊ အခြေခံပညာသင်ကျောင်းများ အဆင့်မြှင့်တင်ရေး၊ လူမှုဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးဆရာ ဆရာမများ၊ အစိုးရဝန်ထမ်းများ၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ လစာတိုးမြှင့်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အိုးအိမ်အခြေခံ အဆောက်အအုံနှင့် တိုက်ရိုက်ငွေကြေးထောက်ပံ့မှု၊ အခွန်အကောက်များ တိုးတက်ရရှိရေး စသည့် ကာလတိုအစီအစဉ်ရှစ်ရပ်နှင့် ရေရှည်ဦးစားပေး အစီအစဉ် ၁၇ မျိုးကိုလည်း ပရာဘိုဝိုအစိုးရက ချမှတ်ထားသည်။

စီးပွားရေးအပိုင်းတွင် လက်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ငါးရာခိုင်နှုန်းခန့်မှ ပရာဘိုဝို၏ ပထမအစိုးရသက်တမ်းအဆုံး လာမည့်ငါးနှစ်တွင် ရှစ်ရာခိုင်နှုန်းအထိ တိုးတက်ရန် မျှော်မှန်းထားသည်။ နှစ်စဉ် ဒေါ်လာဘီလီယံ ၂၀ ဖိုးခန့် ဒီဇယ်လောင်စာဆီ တင်သွင်းနေရမှုကိုလျှော့ချရန် ပြည်တွင်းထွက်စားအုန်းဆီမှ ဇီဝလောင်စာဆီ တိုးမြှင့်ထုတ်လုပ်ရန်၊ ဟွန်ဒိုင်း၊ LG စသော ကုမ္ပဏီများနှင့်ပူးပေါင်း၍ ပြည်တွင်း၌ လျှပ်စစ်ကားဘက်ထရီ ထုတ်လုပ်ရန်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပြည်တွင်းဈေးကွက်၌ လိုအပ်သော ကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်သွားရန် စသည့် အချက်များပါဝင်သည်။

ကာကွယ်ရေးအပိုင်းတွင် အင်ဒိုနီးရှားတပ်မတော်၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် ရည်မှန်းထားသော်လည်း နိုင်ငံခြားရေးမူဝါဒတွင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဟုဆိုသဖြင့် မည်သည့်စစ်ရေးအုပ်စုဖွဲ့ မဟာမိတ်ပြုမှုများတွင်မျှ ပါဝင်ခြင်းမပြုဘဲ မဟာဗျူဟာ ချိန်ခွင်လျှာညီမျှစေရန် လိမ္မာပါးနပ်စွာ ထိန်းညှိသွားမည်ဟု မှန်းဆရပေသည်။ သို့ရာတွင် ကမ္ဘာပေါ်၌ မွတ်စလင်ဦးရေ အများဆုံးနိုင်ငံကြီးဖြစ်သည့်အားလျော်စွာ အစ္စလမ္မစ်အဖွဲ့ချုပ်အတွင်း ဦးဆောင်နေရာတစ်ခုရရှိရေး ကြိုးပမ်းသွားဖွယ်ရှိပြီး ပါလက်စတိုင်းအရေးတွင် ဘာသာတူ ပါလက်စတိုင်းဘက်မှရပ်တည်ကာ ပြဿနာကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာဖြေရှင်းရန် ပါဝင်ကြိုးပမ်းသွားမည်ဟု ယူဆရသည်။ အာဆီယံအဖွဲ့အတွင်း၌ အင်အားအကြီးဆုံး နိုင်ငံဖြစ်သည့်အတိုင်း ဦးဆောင်နေရာကို ဆက်လက်ထိန်းသိမ်းသွားမည့် သဘောရှိသော်လည်း အနောက်လိုလားသည့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ရက်တနို၏ ဖိအားပေး လှုပ်ရှားမှုပုံစံမျိုး ဆက်လက်ကျင့်သုံးဖွယ်မရှိဟု မှန်းဆရပေသည်။

ပရာဘိုဝိုအစိုးရလက်ထက် အင်ဒိုနီးရှား နိုင်ငံ၏ ရှေ့အလားအလာကို သုံးသပ်ရမည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံ၏ ကြီးမားကျယ်ပြန့်သော နယ်မြေပမာဏ၊ ကြီးမားသော လူဦးရေ၊ အရှေ့တောင်အာရှဒေသတွင် အကြီးမားဆုံး စီးပွားရေးပမာဏနှင့် မဟာဗျူဟာအချက်အချာကျသော တည်နေရာတို့ကြောင့် ကမ္ဘာက အာရုံစိုက်အလေးထားနေရသည့် နိုင်ငံကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ယခင်အစိုးရနှစ်ဆက် (SBY နှင့် ဂျိုကိုဝီ) လက်ထက် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုတို့ကြောင့် ယေဘုယျအားဖြင့် အလားအလာကောင်းလျက်ရှိပြီး ယင်းတိုးတက်မှုဒီရေမြင့်သည်နှင့်အတူ အောင်မြင်စွာ လိုက်ပါဆောင်ရွက်နိုင်ပါက အင်ဒိုနီးရှားနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသတွင် ကမ္ဘာ့အဆင့် အင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာနိုင်ပေသည်။

သို့ရာတွင် လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းနှင့် နိုင်ငံတကာအနေအထားများအရ အင်ဒိုနီးရှားအတွက် သတိထားရမည့် အန္တရာယ်များလည်း ရှိနေပေသည်။ နိုင်ငံတကာတွင် ကမ္ဘာ့မဟာဗျူဟာ အားပြိုင်ပွဲက ပြင်းထန်တင်းမာလာလျက်ရှိရာ မဟာဗျူဟာအရ အရေးပါသော အင်ဒိုနီးရှားကို နှစ်ဖက်စလုံးက သူ့ဘက်ကိုယ့်ဘက်ပါအောင် လွန်ဆွဲကြမည့် အလားအလာရှိနေသည်။ အထူးသဖြင့် “ငါနှင့်မတူ ငါ့ရန်သူ” ဟု ရှုမြင်တတ်လေ့ရှိသော မဟာအင်အားကြီးအုပ်စုက မျက်မာန်ရှခြင်းမခံရရေးနှင့် စီးပွားရေးအရ ပစ်ပယ်မရနိုင်သော အနီးကပ်အင်အားကြီးနှင့်လည်း သင့်မြတ်စွာ ဆက်ဆံနိုင်ရေးမှာ “နိုင်ငံခြားရေးသမ္မတ”ဟု ကင်ပွန်းတပ်ခံရဖွယ်ရှိသည့် ပရာဘိုဝိုအတွက် အရေးပါသော အရည်အချင်းစစ်စာမေးပွဲတစ်ရပ် ဖြစ်ပေလိမ့်မည်။

ပြည်တွင်းနိုင်ငံရေး၌မူ ဂျိုကိုဝီ၏ အားပေးထောက်ခံမှုဖြင့် သက်သောင့်သက်သာ သမ္မတဖြစ်ခဲ့ရပြီး ဂျိုကိုဝီ၏ ဝန်ကြီးဟောင်းများနှင့် မူဝါဒဟောင်းများကို ဆက်ခံထားကာ ဂျိုကိုဝီ၏သားကို ဒုတိယသမ္မတအဖြစ် ထွေးပိုက်ထားရသော သမ္မတသစ် ပရာဘိုဝိုအနေဖြင့် မည်ရွေ့မည်မျှ ကိုယ်ပိုင်ပြဋ္ဌာန်းဆုံးဖြတ်ချက်ဖြင့် ပြည်တွင်းရေးကို ကိုင်တွယ်နိုင်မည်ဆိုသည်ကို စောင့်ကြည့်ရမည့်သဘောရှိပါ၏။ ဂျိုကိုဝီသာမက အခြားသော ပါတီအကြီးအကဲများစွာလည်း အနီနှင့်အဖြူအစိုးရအဖွဲ့အတွင်း ပါဝင်လျက်ရှိကြရာ အင်ဒိုနီးရှားနိုင်ငံရေး ထုံးစံဓလေ့အရ (Consultation and Concensus) ညှိနှိုင်းပေါင်းစပ်၍ အားလုံးသဘောတူမှု ရရှိရေးမှာ များစွာခက်ခဲဖွယ်ရှိပါသည်။

ထို့ပြင် အင်ဒိုနီးရှား နိုင်ငံရေးအသိုက်အဝန်း၌ အမြစ်စွဲ ဖြစ်တည်နေကြသော နိုင်ငံခေါင်းဆောင်ဟောင်းများ၏ သားမြေးမိသားစုတို့က နန်းစဉ်နန်းဆက်နိုင်ငံရေးအမွေခံရန် နေရာယူထားမှု (ဥပမာ၊ SBY ၏ သား ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး AHY၊ မီဂါဝတီ၏သမီး အောက်လွှတ်တော်ဥက္ကဋ္ဌ ပူအန်မဟာရာနီ) နှင့် နေရာယူရန် ကြိုးစားနေသည့် ဂျိုကိုဝီ၏ သားများအကြား နိုင်ငံရေးနန်းလုပွဲ ဖြစ်လာနိုင်သည့် အလားအလာနှင့် ထိုနိုင်ငံရေး မျိုးဆက်သစ်များအကြား စီးပွားရေး လောကသားများနှင့် ထွေးရောယှက်တင်ကာ အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှုတို့ ကြီးထွားလာသည့် ပြဿနာတို့မှာလည်း နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်လာနိုင်ဖွယ် ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

> ❛ ပရာဘိုဝို ရှေ့ဆက်သွားမည့် မူဝါဒနှင့်ပတ်သက်၍ ပြည်တွင်းနိုင်ငံရေးတွင် အများကြိုက် မူဝါဒများဖြင့် လူထုထောက်ခံမှုကို ဆက်လက်ဆွဲဆောင် ထိန်းသိမ်းသွားရန် ရည်ရွယ်ထားဟန်ရှိသည်။ ဒေါ်လာဘီလီယံ ၃၀ ခန့် ကုန်ကျမည့် “ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်များနှင့် စာသင်ကျောင်းများ၌ အခမဲ့နေ့လယ်စာကျွေးရေး” အစီအစဉ်မှာ ထင်ရှားသောသာဓကဖြစ်၏။ ယင်းပမာဏမှာ အင်ဒိုနီးရှားအစိုးရ၏ ၂၀၂၄ ခုနှစ် ဘတ်ဂျက်တစ်ခုလုံး၏ ၁၄ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုသည်။ စာသင်ကျောင်း အခမဲ့ နေ့လယ်စာ၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ စားရေရိက္ခာဖူလုံရေး၊ အခြေခံပညာသင်ကျောင်းများ အဆင့်မြှင့်တင်ရေး၊ လူမှုဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးဆရာ ဆရာမများ၊ အစိုးရဝန်ထမ်းများ၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ လစာတိုးမြှင့်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အိုးအိမ်အခြေခံအဆောက်အအုံနှင့် တိုက်ရိုက်ငွေကြေးထောက်ပံ့မှု၊ အခွန်အကောက်များ တိုးတက်ရရှိရေး စသည့် ကာလတိုအစီအစဉ်ရှစ်ရပ်နှင့် ရေရှည်ဦးစားပေး အစီအစဉ် ၁၇ မျိုးကိုလည်း ပရာဘိုဝိုအစိုးရက ချမှတ်ထား ❜

> ❛ လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းနှင့် နိုင်ငံတကာအနေအထားများအရ အင်ဒိုနီးရှားအတွက် သတိထားရမည့် အန္တရာယ်များလည်း ရှိနေပေသည်။ နိုင်ငံတကာတွင် ကမ္ဘာ့မဟာဗျူဟာ အားပြိုင်ပွဲက ပြင်းထန်တင်းမာလာလျက်ရှိရာ မဟာဗျူဟာအရ အရေးပါသော အင်ဒိုနီးရှားကို နှစ်ဖက်စလုံးက သူ့ဘက်ကိုယ့်ဘက်ပါအောင် လွန်ဆွဲကြမည့် အလားအလာရှိနေသည်။ အထူးသဖြင့် “ငါနှင့်မတူ ငါ့ရန်သူ” ဟု ရှုမြင်တတ်လေ့ရှိသော မဟာအင်အားကြီးအုပ်စုက မျက်မာန်ရှခြင်းမခံရရေးနှင့် စီးပွားရေးအရ ပစ်ပယ်မရနိုင်သော အနီးကပ်အင်အားကြီးနှင့်လည်း သင့်မြတ်စွာ ဆက်ဆံနိုင်ရေးမှာ “နိုင်ငံခြားရေးသမ္မတ”ဟု ကင်ပွန်းတပ်ခံရဖွယ်ရှိသည့် ပရာဘိုဝိုအတွက် အရေးပါသော အရည်အချင်းစစ်စာမေးပွဲတစ်ရပ်ဖြစ် ❜

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင် "ဆီးနှင်းပြိုက်ကျ" (ကြိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကိုနှင့်အဖွဲ့က ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းမြတ်ကျော် "မြိုင်ယံရွှေလှျံ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်၏ ကပြယှဉ်ပြိုင်ဟန်။




စောင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်နိုင်းမြတ်သူ "သီလာမြေယံ"(ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲရင့်ကျော် "ဂုဏ်တော်ကိုးသွယ်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ နော်မေသဇင်ထူး "ချစ်ဦးမောင့်ထံ ပြန်လာပါ" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ၌ ပူးတွဲပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ခင်ရတနာစိုး "နွေမိုးဆောင်း" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မမိုးမြင့်စံ "ဆီးနှင်းပြိုက်ကျ" (ကြိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မသြလင်းဖြူ ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာဖြင့် ကပြယှဉ်ပြိုင်ဟန်။



စောင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသိမ့်သိမ့်ဇော် "တောဟေဝန်လယ်"(ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မယမင်းသူနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၁၅ ကျောင်းတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်ပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး မိသားစုအပိုဝင်ငွေ ရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်စေရေး ရည်ရွယ်၍ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်း သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတို့ကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**တက်ရောက်ဖွင့်လှစ်**

ထိုသို့ ဖွင့်လှစ်ရာ၌ ဘားအံမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လပွတ္တာမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြိုင်ကြီးငူမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ ဆိုက်ခေါင်အိမ်တွင်းမှု သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ တာချီလိတ်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် အခြေချစစ်ဗျူဟာအဖွဲ့ ခေတ္တစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်းတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းကျောင်း ၁၅ ကျောင်းတွင် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၂၀၊ ရိုးရာဂျပ်ခုတ်သင်တန်းသူ ငါးဦး၊ အခြေခံလက်ရက်ကန်းသင်တန်းသူ ငါးဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသူ ၄၀ သင်တန်းသူ စုစုပေါင်း ၄၇၀ တက်ရောက်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၉၆၈၄၁ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် လူငယ်ဖွံ့ဖြိုးရေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

**မြစ်ကြီးနား အောက်တိုဘာ ၂၈**

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် လူငယ်ဖွံ့ဖြိုးရေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ရွှေညောင်ပင် ရပ်ကွက်အတွင်းရှိ အမှတ် (၁၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



**ပူးပေါင်းဆောင်ရွက်**

ဦးစွာ အခမ်းအနားကို ကျောင်းသား ကျောင်းသူများက တေးသီချင်း သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လူငယ်နှင့် အားကစားကဏ္ဍဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းဖြင့် စည်းလုံးညီညွတ်၍ သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင် အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သော၊ ကျန်းမာကြံ့ခိုင်သော၊ တွေးခေါ်နိုင်စွမ်းရှိသော၊ အကျင့်စာရိတ္တကောင်းမွန်သော၊ နိုင်ငံကြီးသားပီသသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ အတ္တနှင့်ပရမ္မတသော၊ လူ့ကျင့်ဝတ်လူ့တန်ဖိုးကို အလေးထား၍ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော လူကောင်းလူတော်များ ပေါ်ပေါက်လာမည်ဖြစ်သည့်အတွက် ယခုလို ပူးပေါင်းဆောင်ရွက်နေမှုများ ကိုလည်း အထူးပင် ဂုဏ်ယူကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ စာရေးဆရာ အကြီးကိုကိုက အခြေခံပညာကျောင်းများတွင် ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ဆုများပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လူငယ်ဖွံ့ဖြိုးရေးပြိုင်ပွဲအဖြစ် ကျင်းပသော အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုငွေ၊ ဆုတံဆိပ်နှင့် သုတရသစာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ကျောင်းသူများက ကချင်တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ကျောင်းအုပ် ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အထက (မောက်မယ်)၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မောက်မယ် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ကျောင်းသားကျောင်းသူများ၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ အသိပညာဗဟုသုတ မြင့်မားတိုးတက်စေရန်၊ လူငယ်လူရွယ်များ အာရုံစူးစိုက်လေ့လာမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန် ရည်ရွယ်၍ အခြေခံပညာအထက်တန်းကျောင်း(မောက်မယ်)၌ ယနေ့နံနက် ၉ နာရီက မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာစွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမင်းဇော်ဦးက ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မောက်မယ်မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ မူလတန်းနှင့် အလယ်တန်းအဆင့် မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲဝင်သူ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းနှင့် Grade-5 မှ Grade-9 အထိ အတန်းလိုက် တစ်တန်းလျှင် ကျား၊ မ တစ်ဦးစီရွေးချယ်၍ ရှမ်းပြည်နယ်အဆင့် တောင်ကြီးသို့ ဆက်လက်ပြီး သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**



# ဂန့်ဂေါမြို့၌ မြို့နယ်အဆင့်အခြေခံပညာကျောင်းပေါင်းစုံ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ



**ဂန့်ဂေါ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ကျောင်းသား ကျောင်းသူများ ပညာကိုကြိုးစားသင်ယူလိုစိတ် တိုးပွားစေရန်၊ အသိပညာဗဟုသုတတိုးပွားပြီး ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကာ အင်္ဂလိပ်စာ ဝေါဟာရကြွယ်ဝလာစေရန်ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (ဂန့်ဂေါ)၌ ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲသို့ ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းခုနစ်ကျောင်းမှ Grade-5 မှ ၂၂ ဦး၊ Grade-6 မှ ၂၀၊ Grade-7 မှ ၁၇ ဦး၊ Grade-8 မှ ၂၀၊ Grade-9 မှ ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲတွင် ရေးဖြေ၊ ကျပန်းနှင့် နှုတ်ဖြေဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၄၆ ဦး နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ရေးဖြေနှင့် ဓမ္မဓိဋ္ဌာန်ဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၅၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဂန့်ဂေါမြို့နယ်ပညာရေးမှူး (တာဝန်ခံ) ဦးရာထွန်းနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

■

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# ကြိုတင်မျှော်လင့်မထားသော အခြေအနေအားလုံးအတွက် . . .

မြင့်မြတ်

ယနေ့ကမ္ဘာကြီးမှာ လူတွေဟာ မျှော်လင့်မထားတဲ့အခြေအနေအရပ်ရပ်ကို ဆိုးဆိုးရွားရွား ရင်ဆိုင်နေရတယ်။ ကောင်းတာရှိမယ်၊ မကောင်းတာရှိမယ်၊ လက်ရှိ ကမ္ဘာ့အခြေအနေတွေအရတော့ ကောင်းတဲ့ဘက်ကို အများကြီးမျှော်လင့်လို့မရ။ မတည်ငြိမ်၊ မအေးချမ်းမှု၊ မလုံခြုံမှု၊ ဖွံ့ဖြိုးမှုအရပ်ရပ် အကျဘက်ဆင်းလာတဲ့ကမ္ဘာကြီးမှာ မကောင်းမှု၊ ဖိနှိပ်မှုတွေနဲ့ ရောပွမ်းနေတဲ့ကြားက မဖြစ်နိုင်ဘူးဆိုတဲ့အရာတွေ မတွေးထားတဲ့အရာတွေ၊ ပုံမှန်မဟုတ်တာတွေ၊ အလွန်ကြီးမားတဲ့ပြဿနာတွေ ၊ စိန်ခေါ်မှုတွေရှိလာနိုင်တယ်လို့ သုံးသပ်နေကြတဲ့အတွက် ဖြစ်လာနိုင်မှာတွေအတွက် ကြိုတင်မြော်တွေးပြင်ဆင်သင့်တာတွေ၊ ကြိုတင်ကာကွယ်ထားရမှာတွေ တစ်ဦးချင်းတစ်ဖွဲ့ချင်းမှာရော နိုင်ငံအလိုက်ဒေသအလိုက် ရှိလာနေပြီဟု ယူဆမိပါတယ်။

### သဘာဝကပ်ဘေးများ

မျှော်လင့်မထားသော်လည်း ဖြစ်လာတဲ့အခါ ပြင်ဆင်ထားလျက်နဲ့ ဆုံးရှုံးမှုပမာဏကြီးမားတာမျိုး ကြုံရလေ့ရှိတယ်။ မျှော်လင့်မထားတဲ့ အခြေအနေတွေဆိုတာ ဖောက်ပြန်ပျက်စီးခြင်း တစ်မျိုးပါပဲ။ ရာသီဥတုကြောင့်၊ သဘာဝကပ်ဘေး၊ ကိုဗစ်ကပ်ကဲ့သို့ ရောဂါကပ်ဆိုး၊ ကမ္ဘာစစ်ကြီးများကဲ့သို့ စစ်မက်ဘေး၊ နောက်ဆက်တွဲ စီးပွားပျက်ကပ်ငတ်မွတ်ဘေး စသည်ဖြင့်ပါ။ ဖောက်ပြန်မှုတွေမှာ ရာသီဥတုဖောက်ပြန်မှုက အဆိုးရွားဆုံးထဲမှာပါတယ်။ မှုမမှန်တဲ့ ရာသီဥတုဖြစ်စဉ်တွေက လူတွေအတွက် အိပ်မက်ဆိုးတစ်ခု ဖြစ်လာနေတယ်။

သဘာဝဘေးဆိုပေမယ့် လူကြောင့်ပဲဖြစ်တာ၊ ယခင်က လူတွေရဲ့လောဘကြောင့်၊ ယခုအခါ လူတွေရဲ့ဒေါသကြောင့်ဆိုပြီး ယူဆချက်တွေရှိလာတယ်။ သဘာဝကြောင့်ထက် လူကြောင့်ဆိုတဲ့ ထင်မြင်ချက်တွေကို မယုံရဲယုံရဲ ယူဆလာကြတယ်။ ထင်မယ်ဆိုလည်း ထင်စရာ၊ ယခုရက်ပိုင်း၊ လပိုင်းအတွင်းတွေမှာ နိုင်ငံတကာ မြို့အတော်များများမှာ ရေကြီးမြေပြိုတာတွေ ခပ်စိတ်စိတ်ဖြစ်လာတယ်။ အာဖရိက ဒီအာကွန်ဂိုနဲ့ ဆီနီဂေါမှာ ရေကြီးတယ်။ ပြင်သစ်နဲ့အီတလီမှာ ရေကြီးတယ်။ နီပေါမှာ ရေကြီးမြေပြိုတယ်။ ဂျပန်နဲ့ မက္ကဆီကိုမှာ မီးတောင်တွေ ပေါက်ကွဲတယ်။ အမေရိကန် ဖလော်ရီဒါနဲ့ မြောက်ကာရိုလိုင်းနား တင်နက်ဆီပြည်နယ်တွေမှာ အားပြင်းတဲ့ ဟာရီကိန်းမီလတန်နဲ့ မုန်တိုင်းဟယ်လင်တို့ ဝင်မွှေသွားခဲ့တယ်။ ထိုင်ဝမ်မှာ တိုင်ဖွန်းမုန်တိုင်းဝင်တယ်။ နောက်ထပ်အများအပြားရှိပါသေးတယ်။ ဒါတွေက လူသားတွေ မျှော်လင့်မထားတဲ့ သဘာဝကပ်ဘေးတွေပါ။

### ပျံ့နှံ့လာတဲ့ကမ္ဘာစစ်ပွဲတွေကြောင့်

ပုံမှန်မဟုတ်ဘဲ ရုတ်တရက် ချက်ချင်းရောက်လာတတ်တယ်။ အလွန်ကြီးမားပြီး ပြင်းထန်ဆိုးရွားတဲ့ အခြေအနေထူး drastic changes တွေဟာ များသောအားဖြင့် မျှော်လင့်မထားတဲ့ အခြေအနေတွေမှာ ဖြစ်တတ်ပါတယ်။ မိမိကိုယ်တိုင်လည်း ကြုံဖူးကြမှာဖြစ်သလို နိုင်ငံတိုင်းဟာ မျှော်လင့်မထားတဲ့ အခြေအနေဆိုးတွေ အချိန်အခါမရွေး ကြုံလာနိုင်တဲ့အရာတွေအတွက် အမြဲအသင့်ဖြစ်အောင် ပြင်ဆင်နေကြရတယ်။ ယခုခေတ်လို အပြောင်းအလဲအလွန်မြန်တဲ့ အခြေအနေတွေမှာဆို ပိုဆိုးတာပေါ့။ အထက်မှာတင်ပြခဲ့တဲ့ ရာသီဥတုဆိုင်ရာပြဿနာရပ်တွေဟာ သာဓကတွေပါပဲ။ ကြိုတင်မြော်တွေးမထား၊ ပြင်ဆင်မထားရင် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်တတ်တယ်။ ပညာအသိပညာရှိစွာနဲ့ အများကြီးတွေးထား၊ မြင်ထား၊ ကာကွယ်ထားမှသာ risk reduction ဆုံးရှုံးမှုနည်းနိုင်မှာဖြစ်တယ်။ တင်ပြချင်တာက ယနေ့ခေတ် ကျွန်တော်တို့လူသားတွေမှာ သဘာဝဘေးကြောင့်၊ လူလုပ်ကပ်တွေကြောင့် အန္တရာယ်မျိုးစုံ အလွန့်အလွန်များလာနေပြီဆိုတာပဲ။ လူလုပ်ကပ်ဘေးဆိုတာ အဓိကစစ်မက်ဘေးကို ဆိုလိုတာ။ ပြည်တွင်းရော ပြည်ပမှာပါ မမျှော်လင့်တာတွေနဲ့ ရင်ဆိုင်နေရတယ်၊ အနိဋ္ဌာရုံများစွာပေ့ါ။ လူတွေရဲ့စိတ်ဟာ အဆိုးဘက်ပြောင်းလာပြီး အဖျက်စိတ်ဓာတ်နဲ့ အဖျက်သမား များလာတယ်။ စစ်ပွဲဖန်တီးရတာကို ထမင်းစားရေသောက်ဖြစ်လာတယ်။ ကမ္ဘာ့နိုင်ငံရေးသမားအချို့ တတိယကမ္ဘာစစ်ကြီးဖြစ်အောင်ကို တမင်ဖန်တီးနေသလား ထင်ရတယ်။ နိုဝင်ဘာလထဲ ကျင်းပမယ့် အမေရိကန်ရွေးကောက်ပွဲက ကမ္ဘာကြီးအတွက် အကူအညီဖြစ်နိုင်မလား၊ ကမ္ဘာကြီးပိုတောက်လောင်အောင် မီးစာဖြစ်လာမလား စောင့်ကြည့်ရမယ့်အနေအထားပါ။



၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အရှေ့ဘက်ရှိ ရီဇယ်ပြည်နယ် ကိုင်တန်ဒေသတွင် အပူပိုင်းမုန်တိုင်း ထရာမီကြောင့် ရေကြီးရေလျှံမှုဒဏ်ခံနေရသည်ကို တွေ့ရစဉ်။

### နိုင်ငံများစွာပါဝင်လာမယ့် စစ်ပွဲကြီးတွေကြောင့်

**လူသားသန်းပေါင်းများစွာ သေကျေပျက်စီးမယ့်ကိန်း ကြုံတွေ့ရနိုင်တယ်။ လက်ရှိ တစ်နှစ်သာသာရှိသေးတဲ့ အစ္စရေး ဂါဇာစစ်ကနေ လက်ဘနွန်အထိ ပျံ့နှံ့သွားတဲ့ အစ္စရေးလက်ဘနွန်စစ်ပွဲကြောင့် လူသောင်းချီသေဆုံး၊ လူပေါင်းသန်းချီ အိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီ။ ကမ္ဘာ့မြို့ကြီးတွေ အထူးသဖြင့် အနောက်နိုင်ငံတွေမှာ အစ္စရေးဆန့်ကျင်ဆန္ဒပြပွဲတွေနဲ့ ပါလက်စတိုင်းထောက်ခံတဲ့ ဆူပူအဓိကရုဏ်းတွေကနေ ဘာသာရေးပဋိပက္ခအသွင် ကူးပြောင်းသွားရင် ပိုပြီးကြောက်စရာ ဖြစ်လာမယ်။**

> **❝ နိုင်ငံများစွာပါဝင်လာမယ့် စစ်ပွဲကြီးတွေကြောင့် လူသားသန်းပေါင်းများစွာ သေကျေပျက်စီးမယ့်ကိန်း ကြုံတွေ့ရနိုင်တယ်။ လက်ရှိ တစ်နှစ်သာသာရှိသေးတဲ့ အစ္စရေးဂါဇာစစ်ကနေ လက်ဘနွန်အထိ ပျံ့နှံ့သွားတဲ့ အစ္စရေးလက်ဘနွန်စစ်ပွဲကြောင့် လူသောင်းချီသေဆုံး၊ လူပေါင်းသန်းချီ အိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီ။ ကမ္ဘာ့မြို့ကြီးတွေ အထူးသဖြင့် အနောက်နိုင်ငံတွေမှာ အစ္စရေးဆန့်ကျင်ဆန္ဒပြပွဲတွေနဲ့ ပါလက်စတိုင်း ထောက်ခံတဲ့ ဆူပူအဓိကရုဏ်းတွေကနေ ဘာသာရေးပဋိပက္ခအသွင် ကူးပြောင်းသွားရင် ပိုပြီး ကြောက်စရာဖြစ်လာမယ် ❞**

အစ္စရေးနဲ့ အီရန်က အလုံးစုံစစ်ကြီးဖြစ်နိုင်မယ့်အနေအထားမှာ ရောက်နေပြီး ထိုင်ဝမ်ကျွန်းပတ်လည်မှာ ရုတ်တရက် စစ်ရေးတင်းမာလာတဲ့ တရုတ်-ထိုင်ဝမ်အရေးကလည်း ရတက်မအေးစရာဖြစ်လာတယ်။ မမျှော်လင့်ထားတဲ့ နိမိတ်ဆိုးတစ်ခုက အဆက်အသွယ်အားလုံး ပြတ်တောက်သွားခဲ့တဲ့ တောင်နဲ့ မြောက်ကိုရီးယားအခြေအနေ ဖြစ်ပါတယ်။ နိုင်ငံ့ခေါင်းဆောင်အချို့ ကမ္ဘာစစ်ကြီးမဖြစ်အောင်ကြိုးစားတားနေကြပေမယ့် ရပ်တန့်ဖို့မတတ်နိုင်တဲ့ ဒေသစစ်ပွဲတွေကြားမှာ ကမ္ဘာ့ပြည်သူအားလုံးအတွက်တော့ စိုးရိမ်စရာအပြည့်ပါပဲ။ နောင်လာမယ့် အနာဂတ်စစ်ပွဲတွေရဲ့ရလဒ်မှာ အနိုင်အရှုံးဆိုတာရှိပါတော့မလား။ ကမ္ဘာကြီးမှာ အမုန်းတရားအပြည့်နဲ့ အားလုံးပျက်သုဉ်းမယ့်ကိန်းသာ မြင်နေရတယ်။ အရာအားလုံးကို အဆိုးမြင်လွန်းတယ်လို့ မမှတ်ဘဲ သတိဆိုတာ ပိုတယ်မရှိအောင် ဆင်ခြင်နိုင်ရန်သာ ဖြစ်ပါတယ်။

### အရင်းအမြစ်အားလုံးကိုအသုံးချ ကြိုတင်ပြင်ဆင်ကြရပြီ

ကြိုတင်ပြင်ဆင်မှုအားနည်းရင် ဆုံးရှုံးနိုင်ခြေပမာဏ အလွန်ကြီးမားတယ်ဆိုရာမှာ နိုင်ငံ့မူလအရင်းအမြစ်စွမ်းအားစုတွေနဲ့က အဓိကသက်ဆိုင်ပါတယ်။ လူသားအရင်းအမြစ် men၊ စက်ပစ္စည်းနည်းပညာ material၊ ငွေကြေးခနဲ money အင်အားများက အရေးကြီးသလို လူတွေရဲ့ စိတ်ဓာတ်နဲ့ ခံယူချက် mind က ပိုပြီးအခရာကျတယ်လို့လည်း ယူဆမိတယ်။ ထိုအရင်းအမြစ်အားလုံးက ကျွန်တော်တို့နိုင်ငံမှာက အကန့်အသတ်နဲ့သာ ဖြစ်နေတယ်။ အချင်းချင်းညီညွတ်မှုမရှိ ၊ တည်ငြိမ်မှုမရှိ၊ အကျင့်ပျက်မှုများ အနာဂတ်အမြော်အမြင်နဲ့ ကြိုတင်မြော်တွေးမှုမရှိ၊ သူများမြှောက်ပေးတိုင်းကတတ်သူနဲ့ အမုန်းတရားများပြီး အသိခံယူချက်ချည့်နဲ့တဲ့ နိုင်ငံ့လူ့အဖွဲ့အစည်းမျိုးဟာ သူများလက်အောက် သူများနောက် ရောက်ရနိုင်ကြောင်း သတိရှိသင့်တယ်။ ဘယ်တော့မှလည်း တိုးတက်မှာမဟုတ်တဲ့အပြင် တကယ်တမ်းဖြစ်လာရင် နောက်ဆက်တွဲဆိုးကျိုးနဲ့ သက်ရောက်မှုပမာဏအလွန်များပြားပါလိမ့်မယ်။

အရေးကြုံရင် သူများအားကိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘယ်သူမှလည်း အကူအညီပေးနိုင်မှာမဟုတ်သလို ဘယ်သူ့ကိုမှလည်း အကြွင်းမဲ့ယုံလို့မရပါဘူး။ အားလုံးက သူ့အကျိုး ကိုယ့်အကျိုးအခြေခံစဉ်းစားကြတာပါပဲ။ လက်ရှိ ရုရှားကို ရင်ဆိုင်နေတဲ့ ယူကရိန်းဖြစ်အင်ကိုပဲကြည့်ပါ။ သုံးနှစ်ကြာလာတဲ့ပဋိပက္ခမှာ အမေရိကန်နဲ့နေတိုးက ယခင်ကလို အင်တိုက်အားတိုက် အကူအညီမပေးနိုင်တော့တဲ့ အခြေအနေမှာ ရောက်လာတယ်။ အထောက်အပံ့တွေ ဆက်ရှိနေပေမယ့်ပေးတဲ့ပမာဏနည်းလာသလို ထောက်ပံ့တဲ့လက်နက်ကို သုံးချင်တိုင်းသုံးလို့မရ ကန့်သတ်ခံထားရတဲ့ အနေအထားမှာ ယူကရိန်းရဲ့လက်ရှိအနေအထားဟာ ကျားသနားမှ နွားချမ်းသာမယ့်အဖြစ်မျိုး ရောက်နေရပြီ။ **စာမျက်နှာ ၁၂ သို့** ❂

# တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိသီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ပဋ္ဌိသောတဂါမိနီဓမ္မဗိမာန်တော်၌ ကျင်းပရာ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်ဆရာတော် ဒေါက်တာ အရှင်တိက္ခသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။(ယာပုံ)

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်သူများက သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မျက်စိဝေဒနာရှင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လှူဒါန်းသည့်အလှူငွေကျပ်သိန်း ၂၀၀ အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်ဆရာတော်ထံမှ အနုမောဒနာတရားတော် နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ ဆေးရုံအတွင်း လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ တည်ထောင်တော်မူသော ဆေးရုံတော် ၄၃ ခုအနက် ၃၇ ခုမြောက် ဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာရှင်များအား အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်အထိ တစ်ရက်လျှင် ၂၅၀ ခန့်ဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိစမ်းသပ် စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ခြင်းနှင့် မျက်လုံးအစားထိုးကုသခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# တိုက်ကြီးမြို့နယ် ဥက္ကံကံကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး



**နေပြည်တော် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဥက္ကံကံကုန်းကျေးရွာမှ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဟင်္သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။(ဝဲပုံ)

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၇၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး အဆိုပါ ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၁၁ မှ

ထို့အတူ အစ္စရေးက ဂါဇာနဲ့လက်ဘနွန်ကို ကြေမွအောင် တစ်ဖက်သတ် တိုက်ခိုက်နေပေမယ့် ပါလက်စတိုင်းသားတွေကို အစ္စလာမ်နိုင်ငံတွေက စိတ်ခတ်ရေးရာအင်အားကလွဲပြီး ရုပ်ဝတ္ထုပိုင်းဆိုင်ရာမှာ ပြည့်ပြည့်ဝဝ ကူညီပေးနိုင်တဲ့အနေအထားမှာ မရှိပါဘူး။ ယနေ့ ကမ္ဘာ့ပဋိပက္ခအားလုံးကို UN လည်းမကူနိုင်၊ UN ငြိမ်းချမ်းရေးတပ်လည်းမနိုင်ဖြစ်လာတဲ့ အနေအထားတွေဟာ စိုးရိမ်စရာပါ။ ဒီအချက်တွေဟာ ကမ္ဘာကြီးအတွက် ကောင်းတဲ့အခြေအနေမဟုတ်ဘူးဆိုပေမယ့် လတ်တလောမှာ အဆိုးတွေကြား ကောင်းကွက်လေးတစ်ကွက်၊ နှစ်ကွက်လောက် ခပ်ရေးရေးတွေ့မြင်ရခြင်းက အားတက်စရာဖြစ်မိတယ်။ လူဦးရေ သန်း ၄၀၀၀ လောက်ကို ကိုယ်စားပြုနေပြီး နိုင်ငံများစွာက စိတ်ဝင်စားမှုရှိလာတဲ့ BRICS အဖွဲ့ကြီး ပေါ်ထွက်လာခြင်းနဲ့အတူ အိမ်နီးချင်းနျူအင်အားကြီး နှစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ် လက်ချင်းချိတ်ဆက်လာတဲ့ ပူးပေါင်းဆောင်ရွက်မှု အခင်းအကျင်းတွေက ကမ္ဘာ့ပြည်သူတွေအတွက် အားတက်စရာတွေပဲ ဖြစ်ပါတယ်။

နိုင်ငံအားလုံးက စစ်တိုက်ဖို့ စစ်ပြင်နေကြတဲ့ အနေအထားမှာ မိမိပြည်တွင်း မိမိအင်အားကသာ အဓိကဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ လက်ရှိကာလမှာ လူသားအရင်းအမြစ်နဲ့ လုပ်နိုင်မယ့်စွမ်းအားကို အပူတပြင်း ကြိုးစားတည်ဆောက်နေပါတယ်။ တိုးပွားအောင်အပြင် မယုတ်လျော့အောင်လည်း ကြိုးစားနေရတယ်။ အနာဂတ်ကမ္ဘာစစ်ကြီးတွေအထိ မြော်တွေးပြီး နိုင်ငံမှာ ပြည်သူပါဝင်တဲ့စစ်ရေးစွမ်းအားကို တည်ဆောက်ရတယ်၊ ပညာတတ်တွေ တိုးပွားလာအောင် ပညာရေးကို မြှင့်တင်နေရတယ်။ စိတ်ဓာတ်ကောင်း၊ ခံယူချက်ကောင်းတွေနဲ့ ခံယူတတ်အောင်လည်း ယဉ်ကျေးမှုအားကစားကဏ္ဍတွေကတစ်ဆင့် တည်ဆောက်ပေးနေတယ်။ တစ်ဖက်က အရာရာပိတ်ဆို့မှုတွေကြား အဖျက်အမှောင့်တွေကြားက စီးပွားရေး ရေခံမြေခံကောင်းအောင်လည်း တည်ဆောက်နေရတယ်။ ပြည်သူ့စစ်မဟာဗျူဟာအရ ပြည်သူ့စစ်မှုထမ်း၊ အရန်စစ်မှုထမ်း စတဲ့ကြိုတင်ပြင်ဆင်မှုတွေဟာ နိုင်ငံမြေ၊ ရေ၊ လေထုနဲ့ ဒီအပေါ်မှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ မဆုံးရှုံးရလေအောင် ဖြစ်ပါတယ်။ ထိုနည်းတူ မလိုလားအပ်ဘဲ ကိုယ့်နိုင်ငံသားတွေရဲ့ အသက်တွေ၊ အခြေခံအဆောက်အအုံတွေ မလျော့ပါးရအောင်လည်း ညီညွတ်ရေးစကားဝိုင်းတွေနဲ့ ထပ်ခါထပ်ခါ ဖိတ်ခေါ်၊ မတူတာတွေ တူမျှလာပြီး ဆန့်ကျင်ဘက်တွေနည်းလာအောင် စည်းလုံးညီညွတ်မှုရှိလာအောင် အတတ်နိုင်ဆုံး ဖေးဖေးမမနဲ့ ထိန်းသိမ်းနေကြောင်း တွေ့ရမှာဖြစ်တယ်။ ဒါတွေအားလုံးက နိုင်ငံနဲ့ နိုင်ငံသားအားလုံးရဲ့ အနာဂတ်စိန်ခေါ်မှုတွေအတွက် ကြိုးစားတည်ဆောက်နေတဲ့ အင်အားနဲ့ အခွင့်အလမ်းတွေပါပဲ။ ကိုယ့်နိုင်ငံအခြေအနေကော ယူကရိန်း၊ အစ္စရေး၊ ပါလက်စတိုင်း၊ လက်ဘနွန်စတဲ့ ကမ္ဘာ့နိုင်ငံအချို့ရဲ့ အဖြစ်အပျက်တွေကိုပါ သင်ခန်းစာယူပြီး ကြိုတင်မြော်တွေးလုပ်သင့်တာ လုပ်နေရတာ ဖြစ်ပါတယ်။

**အဓိကအချက်က သဘာဝတရားကပေးတဲ့ အတွေ့အကြုံနဲ့အသိတရားက အလွန်အရေးကြီးတယ်ဆိုတဲ့အချက်ပါပဲ။ ယနေ့ကျွန်တော်တို့နိုင်ငံရဲ့ များပြားလှတဲ့ အတွေ့အကြုံနဲ့ များပြားလှတဲ့ သင်ခန်းစာတွေက တန်ဖိုးကြီးတဲ့အသိတရားတွေကို ပေးနေပါတယ်။ ထို့အတူ ဖတ်မှတ်မြင်သိရတဲ့ ယနေ့ကမ္ဘာ့အရေးအခင်းအားလုံးကလည်း အတွေ့အကြုံတွေပါပဲ။ ချိန်ထိုးလေ့လာလို့ အကောင်းဆုံးအရာတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် မျက်ခြည်မပြတ် လေ့လာနေရပါမယ်။**

> **❝ အဓိကအချက်က သဘာဝတရားကပေးတဲ့ အတွေ့အကြုံနဲ့ အသိတရားက အလွန်အရေးကြီးတယ်ဆိုတဲ့အချက်ပါပဲ။ ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ များပြားလှတဲ့ အတွေ့အကြုံနဲ့ များပြားလှတဲ့ သင်ခန်းစာတွေက တန်ဖိုးကြီးတဲ့ အသိတရားတွေကို ပေးနေပါတယ်။ ထို့အတူ ဖတ်မှတ်မြင်သိရတဲ့ ယနေ့ကမ္ဘာ့အရေးအခင်းအားလုံးကလည်း အတွေ့အကြုံတွေပါပဲ။ ချိန်ထိုးလေ့လာလို့ အကောင်းဆုံးအရာတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် မျက်ခြည်မပြတ် လေ့လာနေရပါမယ် ❞**

ကမ္ဘာကြီးကို ခြိမ်းခြောက်မှုက ဘယ်ကနေလာမလဲ.. မှန်းဆရခက်ပေမယ့် နောက်ကွယ်က စစ်ပွဲဖန်တီးနေတဲ့ အနောက်အုပ်စု လက်မည်းတွေကိုတော့ မြင်နိုင်ရပါမယ်။ မြန်မာနိုင်ငံကြီး ပြိုကွဲပျက်စီးအောင်လုပ်နေတဲ့ ပြည်ပစွက်ဖက်မှု အတိတ်ပစ္စုပ္ပန်ဖြစ်ရပ်တွေနဲ့ ဆက်စပ်ကြည့်ရင် တွက်ဆဖို့မခက်ပါဘူး။ အထူးသဖြင့် အရှေ့အလယ်ပိုင်း အင်ဒိုပစိဖိတ်နဲ့ ဥရောပဒေသအခြေအနေနဲ့ အမေရိကန်ပြည်တွင်းနိုင်ငံရေးအခြေအနေတွေဟာ ယခုအချိန်မှာ အထူးအာရုံစိုက်လေ့လာရမယ့် အကြောင်းအရာတွေပါပဲ။ ဘယ်ဟာအမှား ဘယ်ဟာအမှန် အကြောင်းအကျိုးသက်ရောက်နိုင်မှု အတိုင်းအတာတွေကို ခွဲခြားဆက်စပ်သုံးသပ်ပြီး အနာဂတ်ဖြစ်လာနိုင်ခြေတွေနဲ့အတူ မျှော်လင့်မထားတဲ့ ရုတ်တရက်အပြောင်းအလဲတွေအတွက် ကြိုတင်မြော်တွေးပြင်ဆင်ထားကြရမှာဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ထားတာတောင် တကယ့်လက်တွေ့မှာ ခက်ခဲစွာရင်ဆိုင်ခဲ့ရတဲ့ သဘာဝကပ်ဘေးအတွေ့အကြုံများစွာရခဲ့ခြင်းဟာ လက်တွေ့ပါပဲ။ ဆောင်းပါးရဲ့ အဓိကဆိုလိုရင်းကတော့ လက်ရှိအကြောင်းတရားတွေအရ ကျွန်တော်တို့အားလုံးဟာ မျှော်လင့်မထားတဲ့အခြေအနေတွေကို မဖြစ်မနေ ရင်ဆိုင်ရဦးမှာပါ။ လက်နက်ဘေး၊ ရောဂါဘေး၊ ငတ်မွတ်ခေါင်းပါးဘေးစတဲ့ ကပ်ဘေးတွေကိုဖြစ်စေတဲ့ မျက်မှောက်အကြောင်းတရားတွေလည်း မြင်နေပြီပဲ။ ပညာဉာဏ်နဲ့ ကြိုတင်မြော်တွေးပြီး မိမိတို့မှာရှိသမျှ လူ၊ ပစ္စည်း၊ ငွေ၊ စိတ်ဓာတ် အရင်းအမြစ်အားလုံးကို အကောင်းဆုံးအသုံးချနိုင်စွမ်းရှိဖို့သာ ပဓာနပါ။ အားလုံးထဲမှာ အဓိကအကျဆုံးက စိတ်ဓာတ်လို့ခံယူထားတဲ့အတွက် အတွေ့အကြုံသင်ခန်းစာတွေနဲ့ ပေါင်းစပ်ထားတဲ့ ပညာအသိကနေ စိတ်ဓာတ်ကောင်းရအောင်သာ ကြိုးစားတည်ဆောက်ကြစို့... ဟူ၍ တင်ပြလိုက်ရပါတယ်။ ။

# အစ္စရေးအား ပြန်လည်တုံ့ပြန်တိုက်ခိုက်မည်ဟု အီရန်သမ္မတပြောကြား



**တီဟီရန် အောက်တိုဘာ ၂၈**

အီရန်နိုင်ငံအားတိုက်ခိုက်ခဲ့မှုအပေါ် အစ္စရေးအား ပြန်လည်တုံ့ပြန်တိုက်ခိုက်မည်ဟု အီရန်သမ္မတ မာဆော့ပါဇက်ရှ်ကီရမ်က အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

မိမိတို့သည် စစ်ပွဲဖြစ်ပွားခြင်းကို မလိုလားသော်လည်း မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ခွင့်ဆိုင်ရာ အခွင့်အရေးအရ အစ္စရေး၏ တိုက်ခိုက်မှုများအတွက် သင့်တော်သည့် တုံ့ပြန်တိုက်ခိုက်မှုများကို ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အစ္စရေးတပ်မတော်သည် အမေရိကန်၏ အကူအညီဖြင့် အီရန်နိုင်ငံသားများအပါအဝင် အမျိုးသမီးများနှင့်ကလေးများကို သတ်ဖြတ်နေပြီး ၎င်းသတ်ဖြတ်မှုများကိုလည်း အစ္စရေးအား ထောက်ခံသည့်နိုင်ငံများက မသိကျိုးကျွန်ပြုနေကြောင်း အီရန်သမ္မတက ထပ်လောင်းပြောကြားသည်။ ထို့ပြင် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် အီရန်လေကြောင်းရန် ကာကွယ်ရေးတပ်မှူးတစ်ဦးဖြစ်သူ မိုဟာမက်ဗက်ကာကာလီဗက်ကျဆုံးခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း အီရန်သမ္မတက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်းထရာမီကြောင့် သေဆုံးသူ ၁၃၀ ကျော်အထိ ရှိလာ

**မနီလာ အောက်တိုဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုသီတင်းပတ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်း ထရာမီကြောင့် သေဆုံးသူ ၁၃၀ ကျော်အထိရှိလာပြီး ၄၂ ဦး ထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဒေသ ၁၆ ခုမှ နိုင်ငံသား ၅ ဒသမ ၉ သန်းကျော်သည် အဆိုပါမုန်တိုင်းဒဏ်ကို ထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။ ထရာမီသည် ဖိလစ်ပိုင်နိုင်ငံအတွင်း ယခုနှစ်တွင် (၁၁)ကြိမ်မြောက် ဝင်ရောက်တိုက်ခတ်သည့် တိုင်ဖွန်းမုန်တိုင်း ဖြစ်လာပြီး အဆိုပါ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူဇုန်ကျွန်းနှင့် နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။ လက်ရှိအချိန်တွင် သဘာဝဘေးများအတွင်း ပျောက်ဆုံးနေသူများ အားတာဝန်ရှိသူများက ရှာဖွေလျက်ရှိသည်။

ထရာမီတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံရှိ ဒေသခံများမှာ အစားအစာနှင့် သောက်ရေများပြတ်လပ်နေသည်။

ထရာမီတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ပီဆို ၉၉၄ ဒသမ ၆ သန်းဖြစ်ပြီး စိုက်ပျိုးရေးအတွက် ပျက်စီးမှုသည် ပီဆို ၁ ဒသမ ၄၃၂ ဘီလီယံ ရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံသို့ တစ်နှစ်လျှင် တိုင်ဖွန်းမုန်တိုင်း အကြိမ် ၂၀ ခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိသည်။

အခြားတိုင်ဖွန်းမုန်တိုင်းတစ်ခုဖြစ်သည့် ကွန်ရေးသည် လူဇုံကျွန်း၏ အရှေ့ဘက် ၇၅၅ ကီလိုမီတာအကွာအဝေးမှ ဖိလစ်ပိုင်နိုင်ငံသို့ ယနေ့တွင် ဦးတည်နေကြောင်းနှင့် လေတိုက်နှုန်းတစ်နာရီလျှင် ၁၁၅ ကီလိုမီတာရှိကြောင်း မိုးလေဝသတာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အစ္စရေးက အီရန်နိုင်ငံအား လေကြောင်းတိုက်ခိုက်ရာတွင် အီရတ်နိုင်ငံ၏ လေပိုင်နက်အား သုံးစွဲခဲ့ခြင်းအတွက် အီရတ်က ကုလသမဂ္ဂသို့ ကန့်ကွက်စာပေးပို့

**ဘဂ္ဂဒက် အောက်တိုဘာ ၂၈**

အစ္စရေးက အီရန်နိုင်ငံအား လေကြောင်းတိုက်ခိုက်ရာတွင် အီရတ်နိုင်ငံ၏ လေပိုင်နက်အား သုံးစွဲခဲ့ခြင်းအတွက် အီရတ်နိုင်ငံကကန့်ကွက်စာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီထံ တင်သွင်းခဲ့ကြောင်း အီရတ်အစိုးရပြောရေးဆိုခွင့်ရှိသူ ဗာဆန်အယ်လ်အဝါဒီက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံအနေဖြင့် မိမိ၏ အိမ်နီးချင်း နိုင်ငံများအား တိုက်ခိုက်ရန်အတွက် မိမိနိုင်ငံ၏လေပိုင်နက်နှင့် မြေပြင်ပိုင်နက်ကို အသုံးပြုခွင့်မပေးနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုကို ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် အဖြေရှာခြင်းကို ထောက်ခံအားပေးကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ အီရန်နိုင်ငံရှိ ဒေသအများအပြားကို လေကြောင်းတိုက်ခိုက်မှုများဆောင်ရွက်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ တိုက်ခိုက်ခြင်းသည် မကြာသေးမီလများအတွင်းက အီရန်၏ တိုက်ခိုက်မှုများကို တုံ့ပြန်ခြင်းဖြစ်သည်ဟု အစ္စရေးက ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာညီလာခံ၌ နိုင်ငံ၏သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားမှုများကို ဆွေးနွေးမည်ဟု ကမ္ဘောဒီးယားပြောကြား

**ဖနောင်ပင် အောက်တိုဘာ ၂၈**

ကမ္ဘောဒီးယားနိုင်ငံသည် ကိုလံဘီယာနိုင်ငံတွင် ကျင်းပနေသည့် (၁၆)ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ညီလာခံတွင် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများကို အသေးစိတ်ဆွေးနွေးသွားမည်ဟု သိရသည်။ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည့်အစီအစဉ်များကို ကမ္ဘာသို့ တင်ပြသွားမည်ဟု ကမ္ဘောဒီးယားနိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး အန်းဆိုဖီလတ်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများကို တင်ပြဆွေးနွေးမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါညီလာခံတွင်ကမ္ဘောဒီးယား ကိုယ်စားလှယ်အဖွဲ့သည် သဘာဝသယံဇာတ စီမံခန့်ခွဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ စဉ်ဆက်မပြတ် ရှင်သန်နေထိုင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်နှင့် ချဲ့ထွင်ရန်အတွက် မိတ်ဖက်နိုင်ငံများမှ ခေါင်းဆောင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ လုပ်ငန်းမူဘောင်အရ ၂၀၅၀ ပြည့်နှစ်တွင် သဘာဝနှင့်သဟဇာတဖြစ်အောင် ရပ်တည်နိုင်သည့် ကမ္ဘာကြီးကို ဖန်တီးနိုင်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ရည်မှန်းထားသည်။

**ကိုးကား - ခမာတိုင်းစ်၊ ဘာသာပြန် -စိုးသူရ**

# အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံများအား တရုတ်တိုက်တွန်း

**ပေကျင်း အောက်တိုဘာ ၂၈**

အရှေ့အလယ်ပိုင်း ဒေသတည်ငြိမ်ရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးနှင့် ရန်လိုမှုများ အဆုံးသတ်ရေးကို ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ဂျန်းက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။



အောက်တိုဘာ ၂၆ ရက်တွင် အစ္စရေးတပ်မတော်က အီရန်၏ စစ်ရေးဆိုင်ရာ ပစ်မှတ်များအား တိုက်ခိုက်မှုနှင့် ပတ်သက်သည့် မေးခွန်းများကို ရှင်းလင်းဖြေကြားရာ၌ ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံ များ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား ထိပါးခြင်းနှင့် စစ်ရေးအရ အင်အားသုံးတိုက်ခိုက်ခြင်းကို တရုတ်နိုင်ငံအနေဖြင့် ဆန့်ကျင် ကန့်ကွက်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အရှေ့အလယ်ပိုင်း ဒေသ၌ တင်းမာမှုများလျှော့ချရေးအတွက် သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးက ပူးပေါင်းဆောင်ရွက်ပေးရန် ၎င်းက ပန်ကြားခဲ့သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် အရှေ့အလယ်ပိုင်း ဒေသအရေးတွင် အပြုသဘောဆောင်သည့်ရပ်တည်ချက်ဖြင့် ပါဝင်ဆောင်ရွက်ရန် ၎င်းက ထပ်လောင်းပန်ကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် -စိုးသူရ**

# မဟာအောင်မြေနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



လော်ဂါနှင့် စိုင်းခမ်းပန်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အောက်တိုဘာ ၂၅ ရက် ည ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် ဟေမမာလာ(မြောက်)ရပ်ကွက် လမ်း ၈၀၊ ၃၆ x ၃၇ လမ်းကြားတွင် မသင်္ကာဖွယ်တွေ့ရှိသူ မအိအိမျိုး (ခ)နန်းအိတ်မြတ်အား စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၀၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ည ၉ နာရီ ၄၅ မိနစ်တွင် ၎င်းတည်းခိုနေထိုင်သည့် မဟာအောင်မြေမြို့နယ် ဟေမမာလာ (မြောက်) ရပ်ကွက် လမ်း ၈၀၊ ၃၆ x ၃၇ လမ်းကြားရှိ ဟိုတယ်အခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၁ ဒသမ ၉၂၄ ကီလိုနှင့်အက်တက်စီဆေးပြား ၄၅ ပြားတို့ကို လည်းကောင်း၊ အလားတူ အောက်တိုဘာ ၂၆ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဟွေရဲကျေးရွာအနီးတွင် လော်ဂါ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် စိုင်းခမ်းပန် မောင်းနှင်လာသည့် Daihatsu Hijet ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water သုံးကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာအကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၅ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၅ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၈၉၇၁၅၆) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၂၅ တန်၊ အခြားသစ် သုည ဒသမ ၇၀၉ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၂၄၉) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဓူဝံလမ်း ဒေသငါးဖမ်းစက်လှေဆိပ်အနီး မြစ်ကမ်းဘေးတွင် စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)နှင့် မြိတ်မြို့ မင်းဓမ္မ(၈) လမ်း အင်းလေးမြိုင်စက်မှုဇုန်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု၌ တရားမဝင် အခြားသစ် ၁၁ ဒသမ ၁၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၈၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၁၈၀၀၀) ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၉ ဒသမ ၄၀၀ တန်၊ သစ်မာ ၃ ဒသမ ၇၇၂ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၈၈၈၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၄၈၇၂၈၅) သိမ်းဆည်းရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တရားမဝင် တင်သွင်းလာသည်ကို တွေ့ရှိရပြီး နိုင်ငံအတွင်း၌ အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ၎င်းစံချိန်စံညွှန်း မပြည့်ဝနိုင်သည့် ကုန်ကြမ်းပစ္စည်းများ အသုံးပြုမှုကြောင့် အဆိုပါအဆောက်အအုံများတွင် နေထိုင်သူပြည်သူများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန် ရှိသူများက ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

**တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Get Well Soon Myanmar Platform" Facebook Page အဖွဲ့ဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ကြို့ကုန်း(အနောက်)ရပ်ကွက်နေ သူရထွန်းအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဟိန်းထက်ဇော်(ခ) သားကြီးနှင့် ရဲဝင်းသူတို့အား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁၀-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ရောက်ခဲ့လေသမျှသူ့ဒေသ သူ့အလှ
- ၀၉:၁၅ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၁၅ ဝင်ငွေတိုးပွားစေဖို့ AI စနစ်ဖြင့် မျိုးမြှင့်သားဖောက်ထားသည့် အသားတိုးကြက်နှင့် ဒေသကြက်များ မွေးမြူကြပါစို့
- ၁၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၁၈)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၄:၃၀ Weekly MNL Review
- ၁၆:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၀ လေ့လာစရာစုံလင် အမိမြန်မြည်တစ်ခွင် 'ပင်နှာငြက Lucky'
- ၁၇:၁၅ လေဖြတ်ရောဂါကာကွယ်ဖို့ ကိုယ်လက်လှုပ်ရှားကစားကြပါစို့
- ၁၈:၁၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၁၈)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:10 Patchwork Bags
- 07:24 Chef Life: Kelvin Hong Song (Chinese Chef)
- 08:01 News
- 07:26 Topics Potpourri; Puducherry A Melting Pot of Cultures
- 08:32 Reconservation Thatbyinnyu Temple
- 08:48 Myanmar Masterclass: Artist Than Kywe
- 09:01 Introductory Programme of Literary Award Winners: Maung Nai (Dathanika)
- 09:17 Preserving and Teaching Myanmar Cultural Arts (Painting & Sculpture, Music & Drama (Episode-1)
- 09:37 Nutritious Avocado Foods
- 09:53 K- Pop Live Show
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ကန့်လန့်ကာနောက်ကွယ်က အသံလိုင်းများ

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ကချင်ရိုးရာတဆေးနှင့် ခေါင်ရည်ပြုလုပ်ပုံ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ငှက်ပျောသီးရဲ့ကျန်းမာရေးအကျိုးကျေးဇူး

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ပဲခူးအနောက်ဘက်ဒေသ၏ကရင်ရိုးရာ ရက်ကန်းရက်လုပ်ခြင်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
လှမ်းခဲ့ပါလေ ဒေါင်းဖြူမြေ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
မေမေလုပ်ကျွေးတဲ့ဟင်းထုပ်

**ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
သစ်သီးအခေါ်အဝေါ်များ (အပိုင်း-၁)

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
နှင်းယုဉ်ဆုံးမစကား(စကားပုံများ)

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရာသီအလိုက် မွန်ရိုးရာပွဲတော်များ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ကြည်ညိုဖွယ်မြောက်ကိုးသောင်းပုထိုးတော်

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်နော် (သစ်သီးဝလံ)(အပိုင်း-၄)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Save Our Planet Program
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေပကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဖရိကနိုင်ငံ' (အပိုင်း-၂)
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၃)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ စနစ်တကျပန်းတီးတီထွင် မြန်မာ့အထူးတန်းကော်ဖီလုပ်ငန်းခွင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Weekly Views Update
- ၁၉:၁၀ VEGETABLE FARMERS AMAZING 2021 FROM PLANTING TO HARVEST.
- ၁၉:၃၀ International Music Hits
- ၂၂:၀၀ ကိုကိုလေကံမ(ဇာတ်လမ်း)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Football Highlights
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ e-Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုင်းထောင်ဖောက်ခွဲရန် လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးသေဆုံးကာ တစ်ဦးအား လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

အကြမ်းဖက် သမားများ အနေဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ပိုင်းဝန်း ဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အများပြည်သူ သွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များကို ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၂)ရပ်ကွက် ပတ္တမြားလမ်းရှိ အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်း အနီး၌အမျိုးသားနှစ်ဦး မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများဖြင့် လဲကျနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇၈)ရပ်ကွက်နေ ဖိုးလပြည့် (၂၉)နှစ် (ဘ)ဦးသက်တိုးနှင့် အမှတ်(၉၄)ရပ်ကွက်နေ ပိုင်မင်းထက်(၂၀)နှစ် (ဘ)ဦးတင်ဝင်းတို့ နှစ်ဦးကို မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် ဆေးကုသပေးနိုင်ရေး အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)သို့ ပို့ဆောင်၍ ထိန်းသိမ်းစစ်ဆေးခဲ့သည်။



တရားခံ ဖိုးလပြည့်(သေဆုံး)



တရားခံ ပိုင်မင်းထက်(သေဆုံး)



တရားခံ ငွေစိုး






ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုင်းထောင်ဖောက်ခွဲရန်လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးသေဆုံးကာ တစ်ဦးကို လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့စစ်ဆေးခဲ့ရာ ယင်းနေ့ နံနက် ၄ နာရီခွဲတွင် ဖိုးလပြည့်၊ ပိုင်မင်းထက်နှင့် အောင်နိုင်ထွန်း(ခ)ကရင်တို့သည် ငွေစိုး(၄၀)နှစ် မောင်းနှင်သည့် Toyota Corolla အမျိုးအစား YGN AA-4000 နံပါတ်ပါ အဖြူရောင်အငှားယာဉ်ဖြင့် အမှတ်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကို မိုင်းထောင်ဖောက်ခွဲရန် သွားရောက်စဉ် အဆိုပါရုံးအနီးအရောက်၌ ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် လက်လုပ်မိုင်းမှာ ပေါက်ကွဲခဲ့သဖြင့် ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦးတွင် မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး အောင်နိုင်ထွန်း(ခ)ကရင်မှာ ယာဉ်ပေါ်မှ ဆင်းပြေးသွားခဲ့ကာ ယာဉ်မောင်းဖြစ်သူ ငွေစိုးက ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦးကို တင်ဆောင်၍ ဆက်လက်မောင်းနှင်ကာ အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်း အနီးအရောက်၌ ယာဉ်ပေါ်မှ ချထားခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦး၏ ထွက်ဆိုချက်အရလုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်မောင်း ငွေစိုးအား ဖမ်းဆီးရမိနိုင်ရေး ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် မေယဝတီလမ်းထောင့် အနီးတွင် ငွေစိုးအား ၎င်းမောင်းနှင်သည့် အဖြူရောင်အငှားယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မော်တော်ယာဉ်ကို အသေးစိတ်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ သံပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံသုံးဦးအနက် ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့မှာ ဆေးကုသမှုခံယူနေစဉ် ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး တရားခံငွေစိုးအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသူ တရားခံ အောင်နိုင်ထွန်း(ခ)ကရင်အား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ငါန်းဇွန်မြို့နယ် ရဲပဒိုင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရဲပဒိုင်းကျေးရွာကို အောက်တိုဘာ ၂၆ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် ရဲပဒိုင်းကျေးရွာနှင့်ရွာသစ်ကျေးရွာအကြား နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို ရဲပဒိုင်းကျေးရွာအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့သည့်အတွက်ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကာ ဆုတ်ခွာထွက်ပြေးစဉ် လမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများအနီးတွင် တိုက်ပွဲများဖော်ဆောင်ပြီး ၎င်းတို့ ထွက်ပြေးလွတ်မြောက်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူများ၏ နေအိမ်များအား ယခုကဲ့သို့ မီးရှို့ဖျက်ဆီးနေသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




**○ မန်ယူမှ**

အမှတ်ပေးဇယားအဆင့် ၂၁ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ နည်းပြ အဲရစ်တန်ဟက်ကို ထုတ်ပယ်လိုက်ပြီဖြစ်တာကြောင့် လက်ထောက်နည်းပြ နစ္စတယ်ရွိုင်းကို ယာယီနည်းပြအဖြစ် တာဝန်ပေးအပ်တော့မှာ ဖြစ်ပါတယ်။

မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီးနောက် အောက်တိုဘာ ၂၈ ရက်နံနက်ပိုင်းမှာ ပြုလုပ်ခဲ့တဲ့ ဘုတ်အဖွဲ့အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်နဲ့ လက်ရှိအသင်းနည်းပြ အဲရစ်တန်ဟက်ကို ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မန်ယူအသင်းအနေနဲ့ နည်းပြ အဲရစ်တန်ဟက်ကို ထုတ်ပယ်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်က နည်းပြ ဖာဂူဆန် အသင်းနည်းပြအဖြစ်ကနေ အနားယူခဲ့ပြီးနောက်ပိုင်း ခြောက်ဦးမြောက် အမြဲတမ်းနည်းပြကို ရှာဖွေနေရပြီလည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ နည်းပြ အဲရစ်တန်ဟက်နေရာမှာ အစားထိုးဖို့ နစ္စတယ်ရွိုင်း၊ ဂရေဟမ်ပေါ်တာ၊ သောမက်ဖရန့်၊ အင်ဇာဂီ၊ ဇာဗီ၊ ဇီဒန်းတို့ထဲမှ တစ်ဦးကို နည်းပြအဖြစ်ခန့်အပ်နိုင်ရေး စီစဉ်နေတာလည်းဖြစ်ပါတယ်။ **ငွေကြယ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီအစဉ်မှ **"ပြည်သူကို လုပ်ကြံသတ်ဖြတ်လျက် အကြမ်းဖက် PDF"**ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အေးချမ်းစွာပညာသင်ကြားနေတဲ့ စာသင်ကျောင်းကိုပါ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်လာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# စစ်တွေမြို့၌ ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေမှ ကျခံသုံးစွဲခွင့်ပြုရန် တင်ပြလာသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

**စစ်တွေ အောက်တိုဘာ ၂၈**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေ ပိုလျှံရန်ပုံငွေ(GRF)မှ ကျခံသုံးစွဲခွင့်ပြုရန် တင်ပြလာသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ပြောကြား**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အထွေထွေပိုလျှံရန်ပုံငွေ(GRF)သို့ အပ်နှံပြီး ပြန်လည်ထုတ်ယူသုံးစွဲသည့်ကိစ္စရပ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသော်လည်း ၎င်းကို အခွင့်အရေးတစ်ရပ်အနေဖြင့် သုံးစွဲခြင်းမဖြစ်စေရေး တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက အကြောင်းကြားထားရှိကြောင်း၊ ရခိုင်ပြည်နယ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အထွေထွေ ပိုလျှံရန်ပုံငွေ(GRF) မှ ပြန်လည်သုံးစွဲခွင့် တင်ပြလာသောကိစ္စရပ်များတွင် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ ပြည်နယ်စက်ပစ္စည်းများ ကြီးကြပ်စစ်ဆေးထိန်းသိမ်းရေးကော်မတီ၊ ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီနှင့် ဌာနများက စိစစ်ပြီး သဘောထားမှတ်ချက်များနှင့်အတူ တင်ပြလာမှုကို စိစစ်တွေ့ရှိရကြောင်း၊ သို့သော်လည်း မြေပြင်တွင် လုပ်ငန်းဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိနှင့် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို GRF မှ ပြန်လည်သုံးစွဲခွင့် တင်ပြတောင်းခံထားသည့် ဌာနများက ယခုအစည်းအဝေးတွင် ရှင်းလင်းတင်ပြ ပေးကြစေလိုကြောင်းနှင့် ဆောင်ရွက်မည့်အခြေအနေများနှင့် ပတ်သက်၍ ယခုအစည်းအဝေးတွင် ဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေ (GRF)မှ ကျခံသုံးစွဲခွင့်ပြုရန် တင်ပြထားသည့် ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်သတ္တုတွင်းဦးစီးဌာန(ဆားလုပ်ငန်းဌာနခွဲ)၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လမ်းဦးစီးဌာနနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေ(GRF)မှ တင်ပြတောင်းခံထားရှိသည့် လုပ်ငန်းများအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၈ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ HED ရေတံခါး အချပ် ၂၀ ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ် စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၂၈-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၈.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၅၅၅၇ | ၆၂၃.၅၈ | ၅၅၀၂၆၁ | ၁၈၃၁၁ (လျှပ်စစ်ထုတ်ရေ) | - | - | - | - | - | ၆၂၄.၂၄ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၇.၇၀ | ၂၈၈၀၇ | - | ၇.၃၀ | ၇၆၉၃ | - | - | - | ၆၂၇.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၀ | ၅၁၉.၁၀ | ၈၉၃၁၃ | - | ၀.၉၀ | ၂၄၅၇ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၆၀ | ၁၀၅၀၄ | ၁ | ၂.၄၀ | ၁၇၅၃ | - | - | - | ၅၀၉.၆၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၃၂ | ၄၃၇.၇၈ | ၆၉၃၄၀ | ၂၀၈ | ၁.၂၂ | ၃၆၆၀ | - | - | - | ၄၃၇.၇၈ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၆၉ | ၇၄၁၄ | ၁၁ | ၂.၃၁ | ၁၃၀၄ | - | - | - | ၄၁၅.၇၃ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၀ | ၇၀၃.၆၇ | ၁၀၈၃၅၇ | ၁၄၂ | ၆.၃၃ | ၃၄၇၃၃ | - | - | - | ၇၀၃.၇၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၂ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၅ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | - | ၈၆၃.၄၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | ၁ | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရှက် (၂၀) ချပ်ထောင်ထားပါသည်။

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မြန်မာနိုင်ငံ အခြေခံပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆရာများ၏ အခန်းကဏ္ဍ

ဒေါက်တာခင်မျိုးမြင့်ကြူ(ပညာရေး)

ကမ္ဘာ့အလယ်တွင် မြန်မာဟူ၍ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရန် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးများနည်းတူ ပညာရေးသည်လည်း အရေးကြီးသော ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေပါသည်။ ပညာမြင့်မှ လူမျိုးတင့်မည်ဆိုသည့်စကားလည်းရှိပါသည်။ ဤနေရာတွင် “စာ” နှင့် “ပညာ” ခွဲခြားသိရှိရန် လိုအပ်ပါသည်။

“စာ”ဆိုသည်မှာ **“ပညာကို များများနှင့် မြန်မြန် ခပ်ယူနိုင်သည့် ပစ္စည်းကိရိယာတစ်ခုဖြစ်သည်”** ဟု ကျွန်မတို့၏ ဆရာကြီး “ဦးမြင့်ဟန်” က ရှင်းပြခဲ့ဖူးပါသည်။ သို့ဖြစ်၍ ကျွန်မတို့ မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် ပညာတတ်ကြီးများဖြစ်လာစေရန် စာတတ်ပုဂ္ဂိုလ်များဖြစ်ရန် အရေးကြီးပါသည်။

## ကျောင်းသားများ၏ စိတ်ဓာတ်နှင့် စာရိတ္တကို ပြုပြင်ပုံသွင်းပေးသည့်နေရာ

အခြေခံပညာကျောင်းများသည် ကျောင်းသားများအတွက် လိုအပ်သည့် စာပေအခြေခံကောင်းများ ပေးရုံသာမက ကျောင်းသားများ၏ စိတ်ဓာတ်နှင့် စာရိတ္တကို ပြုပြင်ပုံသွင်းပေးသည့်နေရာလည်း ဖြစ်ပါသည်။ အခြေခံပညာဆရာများ ကလေးများကို ပညာသင်ကြားပေးသည်ဟုဆိုရာ၌ မိမိ၏ တပည့်များ လူ့လောကအလယ်တွင် လူတစ်ယောက်အနေဖြင့် ရှင်သန်ရပ်တည်နေထိုင်သွားနိုင်စေရန် ပြင်ဆင်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

အခြေခံပညာဆရာများဟု ဆိုရာတွင် မူလတန်းပြ၊ အလယ်တန်းပြနှင့် အထက်တန်းပြဟူ၍ အခြေခံပညာ အဆင့်အလိုက် သုံးမျိုးရှိပါသည်။ ကျောင်းအဆင့်အလိုက် ကွဲပြားနေခြင်းသာဖြစ်ပါသည်။ ဆရာများကို အဆင့်ခွဲခြားထားခြင်းမျိုးမဟုတ်ပါ။ အခြေခံပညာ မည်သည့်အဆင့်တွင် ပြသည်ဖြစ်စေ ဆရာသည် ဆရာသာဖြစ်ပါသည်။ **ဆရာတစ်ယောက်တွင်ရှိရမည့် စိတ်ဓာတ်နှင့် တာဝန်ဝတ္တရားများမှာ မူ၊ လယ်၊ ထက် ခွဲခြားမှုမရှိပါ။** ကလေးများ၏ အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှု၊ သင်ယူရန် အဆင်သင့်ဖြစ်မှုနှင့် သင်ယူမှုပုံစံများ မတူကွဲပြားခြားနားသည့်အတွက်သာ သင်ကြားမှုနည်းပညာနှင့် ချဉ်းကပ်နည်းများ ကွဲပြားခြားနားသွားကြပါသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် မူလတန်းအထူးပြုနှင့်အလယ်တန်းအထူးပြုဆရာများမွေးထုတ်ပေးရန် **“ပညာရေးဒီဂရီကောလိပ်”** များ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် အခြေခံပညာရေးဖွံ့ဖြိုးမှုအတွက် ရောင်နီသန်းလာခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မူလတန်းအရွယ်ကလေးများမှာ များသောအားဖြင့် အသက် ငါးနှစ်မှ ၁၀ နှစ် ဝန်းကျင်ကလေးများဖြစ်ကြပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အရွယ်လွန်ကလေးများ ရှိနိုင်သော်လည်း အနည်းစုသာဖြစ်ပါသည်။ ဤအရွယ်ကလေးများမှာ ဖြူစင်ရိုးသား၍ ပုံသွင်းရန်အကောင်းဆုံး အသက်အပိုင်းအခြား ဖြစ်ပါသည်။ မူလတန်းအရွယ်ကလေးများသည် ဆရာကို ချစ်ခင်မြတ်နိုး၍ ဆရာ၏ နေပုံထိုင်ပုံ၊ ပြောဆိုပုံတို့ကို အပြည့်အဝအတုယူကြပါသည်။ သို့ဖြစ်၍ မူလတန်းပြဆရာများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးလှပါသည်။ မူလတန်းပြဆရာများ၏ ထုဆစ်မှုမှားယွင်းပါက လယ်ဆင့်၊ ထက်ဆင့်ဆရာများ အခက်တွေ့နိုင်ပါသည်။

ထို့အတူ အလယ်တန်းပြဆရာများသည်လည်း အရေးကြီးပါသည်။ ကျောင်းသားအများစုမှာ အသက် (၁၁) နှစ်မှ (၁၅) နှစ်ကြားဖြစ်၍ ပျိုဖော်ဝင်စအရွယ်များဖြစ်ကြပါသည်။ မိဘနှင့် ဆရာများထက် အပေါင်းအသင်းသူငယ်ချင်းများကို ပိုမိုခင်တွယ်တတ်သောအရွယ်ဖြစ်၍ သွန်သင်ဆုံးမကိုင်တွယ်ရန် အလွန်ခက်ခဲပါသည်။ ဤအရွယ်ကလေးများတွင် ရှိတတ်သည့်စိတ်ဓာတ်နှင့် ချဉ်းကပ်နည်းဆိုင်ရာ နည်းလမ်းများကို ဆရာများသိရှိနားလည်ထားခြင်းဖြင့် ကလေးများ လမ်းမှားမရောက်အောင် သွန်သင်ဆုံးမပြုပြင်ထိန်းကျောင်းပေးနိုင်မည် ဖြစ်ပါသည်။

အထက်တန်းပြဆရာများ၏ တာဝန်သည်လည်း ကြီးမားပါသည်။ မိမိကျောင်းသားများ အဆင့်မြင့်ပညာ ဆက်လက်ဆည်းပူးနိုင်ရေးအတွက် မူလတန်းနှင့် အလယ်တန်းထက် ပိုမိုနက်နဲသော စာပေဘာသာရပ်များကို သင်ကြားပေးရပါသည်။ တစ်ဖန် ကျောင်းသားများ၏ အရွယ်မှာလည်း များသောအားဖြင့် အသက် (၁၆)၊ (၁၇)၊ (၁၈) ဝန်းကျင်ဖြစ်၍ မိမိကိုယ်မိမိ လူကြီးဖြစ်ပြီဟု အထင်ရောက်စအရွယ်များဖြစ်ပါသည်။ ထိုအရွယ်ကလေးများ၏ စိတ်ပညာနှင့် ချဉ်းကပ်နည်းများကို သိရှိနားလည်မှုသည် အထက်တန်းပြဆရာများအတွက် မရှိမဖြစ် လိုအပ်ပါသည်။

> **❝ အသက်မွေးဝမ်းကျောင်း လမ်းကြောင်းများအတွင်း အထူးပြုခြင်းသည် ဆရာများကို စိတ်ဝင်စားသည့် သီးခြားနယ်ပယ်များ သို့မဟုတ် ကျွမ်းကျင်မှုအပေါ် အာရုံစိုက်စေနိုင်ပါသည်။ ၎င်းသည် ဆရာများအား ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်ကြားရေးနည်းဗျူဟာများကို ပိုမိုနက်ရှိုင်းစွာ ထိုးထွင်းသိမြင်နိုင်စေကာ ကျောင်းသားများကို ပိုမိုထိရောက်သော ညွှန်ကြားချက်များ ပေးစေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့ရွေးချယ်ထားသော နယ်ပယ်များတွင် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးဆိုင်ရာ သုတေသန သို့မဟုတ် သင်ကြားရေးဆိုင်ရာ နည်းပေးလမ်းပြပြုနိုင်သည့် ခေါင်းဆောင်မှုရာထူးများရရှိရန် ဆရာများအတွက် လမ်းစများဖန်တီးပေးနိုင် ❞**

အထက်ဖော်ပြပါ စာပိုဒ် သုံးပိုဒ်၏ ဆိုလိုရင်းမှာ **မူ၊ လယ်၊ ထက် ကလေးများ၏ စိတ်ဓာတ်နှင့် ဖွံ့ဖြိုးမှုပုံစံများမတူ ကွဲပြားခြားနားကြသည့်နည်းတူ ထိုကလေးများအား ကိုင်တွယ်သင်ကြားပြုပြင်ဆုံးမရန် ချဉ်းကပ်နည်းများလည်းမတူ ကွဲပြားသည်ဆိုသည့်အချက်ပင် ဖြစ်ပါသည်။ အထက်တန်းပြ သို့မဟုတ် အလယ်တန်းပြဆရာတစ်ယောက်ကို မူလတန်းကလေးများအား သင်ကြားစေပါက ဆရာအနေဖြင့် အခက်အခဲများစွာ ကြုံတွေ့စေနိုင်ပါသည်။ ထို့အတူ မူလတန်းပြ သို့မဟုတ် အလယ်တန်းပြဆရာတစ်ယောက်အား အထက်တန်းဆင့် ကျောင်းသားများအား သင်ကြားစေပါကလည်း အခက်တွေ့ရမည်မှာ မုချဖြစ်ပါသည်။**

သို့ဖြစ်၍လည်း နိုင်ငံတော်အနေဖြင့် မူပြမှ လယ်ပြ၊ လယ်ပြမှထက်ပြ စသည်ဖြင့် ရာထူးတိုးရာတွင် သက်ဆိုင်ရာသင်တန်းများတက်နိုင်ရန် အစီအစဉ်များ ချမှတ်ထားခြင်းဖြစ်ပါသည်။ ဤနေရာတွင် နိုင်ငံတော်အနေဖြင့် နစ်နာမှုများ ရှိနေမလားဟု ကျွန်မမြင်မိသည့်အချက်တချို့ကို ဖော်ပြလိုပါသည်။ မူလတန်းပြဆရာတစ်ယောက် မွေးထုတ်ရန် နိုင်ငံတော်၏ ဘတ်ဂျက်သုံးစွဲခဲ့ရပါသည်။ သို့ရာတွင် လက်ရှိရာထူးတိုးမှုအရ လုပ်သက်ရ အတွေ့အကြုံရှိ မူလတန်းပြဆရာများသည် ရာထူးတိုးရေးအတွက် အလယ်တန်းပြဆရာဖြစ် သင်တန်းတက်ကြရပါသည်။ ထိုဆရာတစ်ယောက်အတွက် နိုင်ငံတော်၏ ဘတ်ဂျက် ထပ်မံသုံးစွဲရပါသည်။ ဆက်လက်ပြီး အထက်တန်းပြဆရာဖြစ်ရန် ပညာရေးတက္ကသိုလ်များတွင် B.Ed. ဘွဲ့အတွက် ထပ်မံသင်တန်းတက်ရပြန်ရာ နိုင်ငံတော်ဘတ်ဂျက်သုံးရပြန်ပါသည်။

ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများတွင်လည်း အဟောသိကံဖြစ်နေသည်ဟု ကျွန်မမြင်မိပါသည်။ မူ/လယ် အတန်းအဆင့်တစ်ခုအတွက် ကျွမ်းကျင်စပြုချိန် အတွေ့အကြုံရှိစပြုချိန်တွင် မိမိ၏ ကျွမ်းကျင်မှုကို စွန့်လွှတ်ပြီး နောက်တစ်ဆင့်တက်လှမ်းရသည့် ရာထူးတိုးစနစ်ကြောင့် နိုင်ငံတော်တွင်သာမက ကာယကံရှင်ဆရာများအတွက်ပါ အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်ကြရသည်။ ကလေးများ၏ အသက်အရွယ်အလိုက် တစ်နည်းအားဖြင့် မူ၊ လယ်၊ ထက် အဆင့်အလိုက် မိမိတတ်ကျွမ်းထားသည့် သင်ကြားမှုနည်းပညာ၊ ချဉ်းကပ်နည်းနှင့် ကလေးစိတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများ ပြန်းတီးရာကျပါသည်။

ပညာရေးအဆင့်တစ်ဆင့်မှ နောက်တစ်ဆင့် (မူလတန်းပြမှ အလယ်တန်းပြ၊ အလယ်တန်းပြမှ အထက်တန်းပြ)သို့ တိုးမြှင့်၍ လစာချီးမြှင့်သည့်ပုံစံကြောင့် လုပ်သက်ရင့် အတွေ့အကြုံရှိဆရာများ၊ သင်ကြားရေးကျွမ်းကျင်သော ဆရာများ၊ ထက်မြက်သည့် ဆရာများသည် ၎င်းတို့၏ ဘဝတက်လမ်းအတွက် ကြိုးစား၍ မူမှ လယ်၊ လယ်မှ ထက်သို့ တက်လှမ်းသွားကြသည်ဖြစ်ရာ ကျွမ်းကျင်ဆရာများ အထူးလိုအပ်သည့် မူလတန်းတွင် အတွေ့အကြုံနုနယ်သေးသည့် ဆရာများနှင့် ဆရာအတတ်သင် လက်မှတ်မဲ့ဆရာများသာ ကျန်ရှိနေပါသည်။ ဤအချက်သည် မြန်မာ့ပညာရေးတိုးတက်မြင့်မားမှုကို အဟန့်အတားဖြစ်စေသည်ဟု မြင်မိပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းအစီရင်ခံစာများက **လက်ရှိဆရာရာထူးတိုးစနစ်အစား လမ်းသွယ်တစ်ခုစီအလိုက် ရာထူးတိုးစနစ်သစ်သို့ ပြောင်းလဲကျင့်သုံးကြရန် ထောက်ခံအကြံပြုခဲ့ကြပါသည်။ အခြေခံပညာအဆင့်တစ်ခုချင်းအတွင်းတွင် အရည်အသွေးရှိသော ဆရာများ ရေရှည်တည်မြဲရေးအတွက် ဆရာလစာနှင့် ချီးမြှင့်ငွေကိုလည်း ပြန်လည်သုံးသပ်သင့်ကြောင်းနှင့် ဆရာ ရာထူးတိုးမြှင့်ခြင်းသည် လုပ်သက်နှစ်များကိုသာ အခြေခံခြင်းမဟုတ်ဘဲ အရည်အသွေးရှိသော ဆရာ၏စွမ်းဆောင်ရည် သုံးသပ်အကဲဖြတ်ခြင်းစနစ်ကိုအခြေခံ၍ ဆောင်ရွက်သင့်ကြောင်းကိုလည်း ဖော်ပြထားပါသည်။**

၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အခြေခံပညာရေးဥပဒေအခန်း (၉) **“အခြေခံပညာဆရာများ၏ အခွင့်အရေး၊ တာဝန်၊ အရည်အချင်းနှင့် စွမ်းဆောင်ရည်များ”**၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) တွင် **“အခြေခံပညာဆရာများသည် သတ်မှတ်ချက်နှင့်ကိုက်ညီပါက မိမိတာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့်အတွင်းမှာပင် ရာထူးအဆင့် တိုးမြှင့်ရရှိပိုင်ခွင့်ရှိသည်”**ဟုလည်း ဖော်ပြထားပါသည်။

**ကမ္ဘာ့နိုင်ငံအများစုတွင် ဆရာတစ်ယောက်သည် မိမိအထူးပြုထားသည့်၊ ကျွမ်းကျင်သည့် ပညာရေးအဆင့်အတွင်းမှာပင် ၎င်း၏စွမ်းဆောင်ရည်နှင့် ပညာအရည်အချင်းအလိုက် ရာထူးလစာတိုးပေးသည့်စနစ်ကို ကျင့်သုံးကြပါသည်။ ကောင်းမွန်စွာ ဒီဇိုင်းရေးဆွဲထားသော မြှင့်တင်ရေးစနစ်သည် ဆရာများကို ၎င်းတို့၏ လက်ရှိရာထူးများတွင် ထူးချွန်စေရန် အားပေးရုံသာမက အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာအတတ်ပညာတိုးတက်ပြောင်းလဲမှုအတွက် လမ်းကြောင်းကိုလည်း ရှင်းရှင်းလင်းလင်း မြင်သာစေပါသည်။**

မိမိဝါသနာပါသည့် စိတ်ပါဝင်စားသည့် ပညာရေးအဆင့်ကို အထူးပြုပြီး ထိုအဆင့်တွင် ကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင်၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာအောင် ကြိုးစားကြရပါသည်။ မူလတန်းအထူးပြုပါရဂူဘွဲ့ရသူ ဆရာတစ်ဦး၏ လစာကို ပါရဂူဘွဲ့ရတက္ကသိုလ်ဆရာတစ်ဦး၏ လစာနှင့် တူညီအောင် ချီးမြှင့်ကြသည့်အတွက် မူလတန်းအထူးပြု၊ အလယ်တန်းအထူးပြု၊ အထက်တန်းအထူးပြု စသည်ဖြင့် မိမိတို့စိတ်ကြိုက်ရွေးချယ်ပြီး ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့အထိ ကြိုးစားပြီး ရာထူးအဆင့်ကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြပါသည်။

## ရာထူးတိုးခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု လမ်းကြောင်းစနစ်

အခြေခံပညာအဆင့်အသီးသီးတွင် ကျောင်းသားများအတွက် အရည်အသွေးမြင့် သင်ကြားရေးအတွေ့အကြုံများကို သေချာစေရန် အရည်အချင်းရှိသော ဆရာများကို ဆွဲဆောင်ထိန်းသိမ်းခြင်းသည် အရေးကြီးပါသည်။ ပညာတတ်များကို လှုံ့ဆော်ပေးပြီး ချီးမြှင့်ရန်နည်းလမ်းတစ်ခုမှာ ခိုင်မာသောဆရာ ရာထူးတိုးခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု လမ်းကြောင်းစနစ်ပင်ဖြစ်ပါသည်။ ထိုစနစ်သည် ဆရာများ၏ ကျွမ်းကျင်မှုနှင့် လုပ်ငန်းအပေါ် မြှုပ်နှံထားမှုကို အသိအမှတ်ပြုပြီး တန်ဖိုးထားရုံသာမက ၎င်းတို့၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အထူးပြုမှုအတွက် အခွင့်အလမ်းများကိုပါပေးသည့်အတွက် ဆရာရာထူးတိုးခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

ထို့ပြင် ဆရာများအား ၎င်းတို့၏ သင်ကြားရေးအလေ့အကျင့်များ စဉ်ဆက်မပြတ် မြှင့်တင်ရန်၊ စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး (အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်ရေး) တွင် ပါဝင်ဆောင်ရွက်ရန်နှင့် ပညာရေးစနစ်အတွင်း ခေါင်းဆောင်မှု အခန်းကဏ္ဍများကိုရယူရန် လှုံ့ဆော်ပေးပါသည်။

အသက်မွေးဝမ်းကျောင်း လမ်းကြောင်းများအတွင်း အထူးပြုခြင်းသည် ဆရာများကို စိတ်ဝင်စားသည့် သီးခြားနယ်ပယ်များ သို့မဟုတ် ကျွမ်းကျင်မှုအပေါ် အာရုံစိုက်စေနိုင်ပါသည်။ ၎င်းသည် ဆရာများအား ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်ကြားရေး နည်းဗျူဟာများကို ပိုမိုနက်ရှိုင်းစွာ ထိုးထွင်းသိမြင်နိုင်စေကာ ကျောင်းသားများကို ပိုမိုထိရောက်သော ညွှန်ကြားချက်များ ပေးစေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့ရွေးချယ်ထားသော နယ်ပယ်များတွင် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးဆိုင်ရာ သုတေသန သို့မဟုတ် သင်ကြားရေးဆိုင်ရာ နည်းပေးလမ်းပြပြုနိုင်သည့် ခေါင်းဆောင်မှုရာထူးများရရှိရန် ဆရာများအတွက် လမ်းစများ ဖန်တီးပေးနိုင်ပါသည်။

အသက်မွေးဝမ်းကျောင်း လမ်းကြောင်းများအတွင်း အထူးပြုခြင်းအားဖြင့် ဆရာများ၏ ကိုယ်ပိုင် စာသင်ခန်းများအပြင် မူဝါဒများနှင့် အလေ့အကျင့်များကို လွှမ်းမိုးစေနိုင်ပါသည်။

စာမျက်နှာ ၁၉ သို့ ❖

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့မှ ပြည်သူများ၏ နေအိမ်ပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်




တောင်ကြီး အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့မှ ပြည်သူများ၏ နေအိမ်ပျက်စီးမှုအတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ငွေပေးအပ်**

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သဘာဝဘေးဒဏ်သင့် ပြည်သူများအား ကလောမြို့နယ် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အနယ်နယ် အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များလာရောက် ထောက်ပံ့လှူဒါန်းကြသည်ကို တွေ့ရသကဲ့သို့ နိုင်ငံတော်ကလည်း နေအိမ်ပျက်စီးမှုများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ကြသည့် သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် မျိုးစေ့များ၊ မြေသြဇာများထောက်ပံ့ ပေးခြင်းအပါအဝင် အခြားထောက်ပံ့မှုများစွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က သဘာဝဘေးအန္တရာယ် ကျရောက်မှုများအပေါ် ထောက်ပံ့ပေးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရေဘေးသင့်ပြည်သူများ၏ နေအိမ်ပျက်စီးမှုများအတွက် တစ်အိမ်လျှင် ငွေကျပ် ၂၃၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၄၉၉ သိန်း၊ နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီးမှုအတွက် တစ်အိမ်လျှင် ငွေကျပ် ၁၇၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၁၈၅၇ ဒသမ ၅ သိန်း စုစုပေါင်း ငွေကျပ် ၂၇၃၅၆ ဒသမ ၅ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ညောင်ရွှေမြို့နယ် နေအိမ်ပျက်စီးမှုများအတွက် ငွေကျပ် ၅၈၇ ဒသမ ၅ သိန်းကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လည်းကောင်း ထောက်ပံ့ပေးအပ်ရာ ရေဘေးသင့်ပြည်သူများက လက်ခံရယူကြသည်။

**လက်ခံရယူ**

ထို့နောက် ကလောမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Family United Power Of Co.,Ltd. မှ တာဝန်ရှိသူက ငွေကျပ်သိန်း ၅၀၀ ကို လည်းကောင်း၊ ကလောမြို့နယ် ရေရရှိရေးအတွက် ရေအေးကန် ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရန် iGreen Development & Engineering Group (Ohsi Mountain Public Co.,Ltd.)က ငွေကျပ်သိန်း ၅၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ရေဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သော ကလောမြို့ မောမြေဦးပန်းခြံသို့ ရောက်ရှိပြီး အဆိုပါပန်းခြံ ပြန်လည်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အမြန်ပြန်လည်ပြုပြင် စိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဥတ္တရသီရိမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို စာပေပြိုင်ပွဲများကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ အကြိုစာပေပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း ပညာရတနာခန်းမနှင့် စာသင်ဆောင်များ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်း ကျောင်းသား ကျောင်းသူ ၁၂ ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၄၂ ဦး စုစုပေါင်း ၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်နေမှုကို တာဝန်ရှိသူများနှင့် ကျောင်းသားမိဘများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပမည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားတွင် ပြခန်းများ၊ ဂိမ်းကစားနည်းများ၊



စာပေဆိုင်ရာစွမ်းရည်ပြိုင်ပွဲများ၊ စာအုပ်အရောင်းဆိုင်များ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

# မြစ်သားမြို့ရှိ ရေဘေးသင့်ပြည်သူများအား ဆေးဝါးနှင့် ဆန်၊ ဆီများ ပေးအပ်လှူဒါန်း

မြစ်သား အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက အခြေခံ ကျန်းမာရေးဆိုင်ရာ ဆေးကုသပေးခြင်း၊ ဆေးဝါးများ ထောက်ပံ့ လှူဒါန်းပေးခြင်းနှင့် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်၊



အတွင်းရေးမှူး ဦးကျော်ကျော်နှင့် အသင်းအဖွဲ့ဝင်များ၊ မြစ်သားမြို့ ကြက်ခြေနီအသင်း နာယက ဦးတင့်လွင်ဦးနှင့် အသင်းအဖွဲ့ဝင်များ ဦးဆောင်ကာ မြစ်သားမြို့ ရတနာအောင်မြေ ဘုရားဝင်းအတွင်း ဘူတာရပ်ကွက်ရှိ ရေဘေးသင့် ပြည်သူများအား အခြေခံ ကျန်းမာရေးဆိုင်ရာ ဆေးကုသပေးခြင်းနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အသင်းအဖွဲ့ဝင်များသည် သုံးဆူရတနာဆုတောင်းပြည့်စေတီ ပရိဝုဏ်အတွင်း၌ ဘူတာရပ်ကွက်ရှိ ရေဘေးသင့် ပြည်သူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆန် ၁၅ ပြည်၊ ဆီတစ်ပိဿာနှုန်းဖြင့် ရေဘေးသင့် အိမ်ထောင်စု ၁၅၀ အတွက် သွားရောက်ကူညီလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ စာမျက်နှာ ၁၈ မှ

ထို့ပြင် စိတ်ဝင်စားမှုတူညီသည့် ဆရာများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးပြီး အကြံဉာဏ်များ ဖလှယ်ခြင်း၊ အလေ့အကျင့်ကောင်းများနှင့် ပရော်ဖက်ရှင်နယ် သင်ယူမှု အသိုင်းအဝိုင်းများ ဖန်တီးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဤစုပေါင်းကျွမ်းကျင်မှုသည် သင်ကြားရေးနှင့် သင်ယူမှုအပေါ် ပိုမိုကျယ်ပြန့်သောအဆင့်တွင် အပြောင်းအလဲဖြစ်စေနိုင်ပါသည်။

ထိရောက်သော ဆရာများမြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလမ်းကြောင်း စနစ်အား အကောင်အထည်ဖော်ရာတွင် ဆရာများ၊ စီမံခန့်ခွဲသူများ၊ မူဝါဒချမှတ်သူများ၊ ပညာရေးကျွမ်းကျင်သူများ ပါဝင်သည့် သက်ဆိုင်သူများအကြား ကွဲပြားသောအမြင်များကို ရယူနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် သေချာစွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ အခြေခံပညာရေးကဏ္ဍအတွင်း တိုးတက်ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် မြှင့်တင်ရေး စံနှုန်းများ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ပုံမှန်ပြန်လည်သုံးသပ်ပြင်ဆင်ရန်လည်း အရေးကြီးပါသည်။

**အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်များ**

အခြေခံပညာကဏ္ဍတွင် ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများ ပါဝင်ဆောင်ရွက်နိုင်ရန် လုံလောက်သော အခွင့်အရေးများလည်း ပေးသင့်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ ညီလာခံများ၊ အဆင့်မြင့်ဘွဲ့အစီအစဉ်များနှင့် ၎င်းတို့ ရွေးချယ်ထားသော အသက်မွေးဝမ်းကျောင်းလမ်းကြောင်းများနှင့် ကိုက်ညီသော အထူးပြုလေ့ကျင့်မှုများ စသည်တို့မှတစ်ဆင့် ၎င်းတို့၏ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ပြီး ဆရာများ၏ဘဝ အောင်မြင်မှုကို ရရှိစေနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် အခြေခံပညာ ဖွံ့ဖြိုးတိုးတက်ပြီး ကျောင်းသားများ အရည်အသွေးအာမခံချက် အပြည့်ရှိသော အခြေခံပညာရရှိရေးအတွက် ဆရာများသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အခြေခံပညာဆရာများအနေဖြင့် မိမိတို့၏ အရေးပါမှုကိုသိရှိပြီး မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်မားတိုးတက်လာအောင် အစဉ်စွမ်းဆောင်နေကြရမည်ဖြစ်ပါသည်။ ။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုများရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး အောက်တိုဘာ ၂၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုများရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ယုံကြည်မှုအပြည့်ဖြင့်ကြိုးစား**

ဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားနည်းအလိုက် တာဝန်ခွဲဝေပေးထားသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက အလှည့်ကျသွားရောက်ကြီးကြပ်ခြင်း၊ လိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊ အားပေးစကားပြောခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုအပ်သလို အားကစားသမားတိုင်း မိမိတို့ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် ယုံကြည်မှုအပြည့်ဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပဲခူးတိုင်းဒေသကြီးမှ အောင်မြင်မှုများရရှိနိုင်ရေး အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အဖွင့်အမှာစကား ပြောကြားသည်။




ထို့နောက် အားကစားနည်းအလိုက် ယှဉ်ပြိုင်နိုင်ရေးကော်မတီဥက္ကဋ္ဌ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တာဝန်ယူထားသည့် အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စခန်းသွင်းလေ့ကျင့်နေသည့် အားကစားနည်းအလိုက် လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပဲခူးတိုင်းဒေသကြီးမှ အားကစားနည်း ၂၄ မျိုးတွင် အားကစားသမား ၅၇၆ ဦးအား နည်းပြအုပ်ချုပ်သူ ၁၂၀ ဖြင့် အကောင်းဆုံး စခန်းသွင်းလေ့ကျင့်သင်ကြားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လန်ချန်း-မဲခေါင် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာလက်ရွေးစင်အသင်း ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောက်ရွက်မှု တရုတ်ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာလက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးစိုင်းဇော်ထွန်းလင်း၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဒိုင်များ၊ အားကစားသမားများသည် ယနေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားလေးယောက်တွဲတွင် ဗီယက်နမ်(A)အသင်းက ပထမ၊ မြန်မာက ဒုတိယ၊ လာအိုနှင့် ဗီယက်နမ်(B)အသင်းတို့က ပူးတွဲတတိယ၊ အမျိုးသမီး လေးယောက်တွဲတွင် ဗီယက်နမ်(A)အသင်းက ပထမ၊ မြန်မာက ဒုတိယ၊ တရုတ်နှင့် ဗီယက်နမ်(B)အသင်းတို့က ပူးတွဲတတိယ၊ အမျိုးသား သုံးယောက်တွဲတွင် ထိုင်းက ပထမ၊ ဗီယက်နမ်(A)အသင်းက ဒုတိယ၊ မြန်မာနှင့် လာအိုတို့က ပူးတွဲတတိယ၊ အမျိုးသမီးသုံးယောက်တွဲတွင် ထိုင်းကပထမ၊ ဗီယက်နမ်(A)အသင်းက ဒုတိယ၊ မြန်မာနှင့် တရုတ်တို့က ပူးတွဲတတိယ ရရှိခဲ့ကြသည်။



ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယမ်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**လင်းရာမ**

❂ MNL မှ

အား/ကာသိပွဲအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ချန်ပီယံဆုအတွက် အမှားမခံတော့သည့်အချိန်တွင် ဒုတိယနေရာမှ အား/ကာသိပွဲအသင်းသည် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းကို ဖိအားပေးရန်ကြိုးစားရင်းခြေချော်ခဲ့ပြီး အမှတ်လျော့ခဲ့သည်။ ၅၂ မိနစ်တွင် ဇင်မင်းရှိန်းက ဧရာဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း လေးမိနစ်အကြာတွင် ရှိန်းကိုကိုဇော်က အား/ကာသိပွဲအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ အမှတ်ပေးဇယားအောက်ပိုင်းမှ နှစ်သင်းထိပ်တိုက်တွေ့ဆုံရာတွင် မဟာယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျကာ အမှတ်ခွဲယူခဲ့သည်။ ၃၁ မိနစ်တွင် နေနိုင်လင်းက မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း မိနစ် ၉၀ တွင် မင်းခန့်ဇော်က ဟံသာဝတီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ Dagon Port အသင်းသည် နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ၁၃ မိနစ်တွင် နိုင်ကိုကို၊ ၆၅ မိနစ်တွင် ကျော်ထူးတို့က ဂိုးများသွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးကို ၄၅+၂ မိနစ်တွင် မင်းမင်းခန့်က သွင်းယူခဲ့သည်။

ပွဲစဉ်(၂၁) တတိယနေ့ကို အောက်တိုဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ-MNL**

# 2024 ASIA-PACIFIC SENIOR AMATEUR CHAMPIONSHIP ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၈**

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ဗီယက်နမ်နိုင်ငံ Vinperal Golf Hai Phong ၌ ကျင်းပမည့် 2024 ASIA-PACIFIC SENIOR AMATEUR CHAMPIONSHIP ဂေါက်သီးရိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် မြန်မာစီနီယာ အပျော်တမ်းဂေါက်သီးရိုက်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။




မြန်မာစီနီယာ အပျော်တမ်းဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့် ကစားသမားအဖြစ် ဦးကိုကိုအေး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ အားကစားသမားများဖြစ်ကြသည့် ဦးတင်မောင်မောင်ဝင်း (ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ ဦးစိုး(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်)နှင့် ဦးဆန်းမင်း(မော်လမြိုင်)တို့ ပါဝင်ပြီး ပြိုင်ပွဲလေ့လာသူများအဖြစ် ဦးတင်ကိုကို (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ ဦးသန့်ဇင် (ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်)နှင့် ဦးသိန်းဇော်ထွန်းတို့လည်း လိုက်ပါသွားသည်။

စီနီယာအပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်သောကြောင့် အသက် ၅၅ နှစ်နှင့်အထက် အားကစားသမားများသာ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြန်မာစီနီယာ အပျော်တမ်းဂေါက်သီးရိုက်အဖွဲ့သည် ဒေသတွင်း အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ယခုကျင်းပမည့် ASIA-PACIFIC SENIOR AMATEUR CHAMPIONSHIP ဂေါက်သီးရိုက် ပြိုင်ပွဲတွင်မှု ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ-MGF**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။

❖ MNL-2 မှ

သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တက္ကသိုလ်အသင်းနှင့် Chinland အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ယခုတစ်ပတ်တွင် ရာမညယူနိုက်တက်အသင်း နိုင်ပွဲရယူနိုင်ခဲ့သဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့သလို ဒုတိယနေရာမှ တက္ကသိုလ်အသင်းနှင့် တတိယနေရာမှ Chinland အသင်း ထိပ်တိုက်တွေ့ဆုံမှုမှာလည်း သရေကျခဲ့သည်။ အသင်းသစ် ဧရာဝတီရိန်းဂျားအသင်းမှာမူ ကိုးပွဲမြောက်မှ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။

ပွဲစဉ်(၉)အပြီးတွင် ရာမညယူနိုက်တက်အသင်းက ရှစ်ပွဲကစား ရမှတ် ၂၀၊ တက္ကသိုလ်အသင်းက ကိုးပွဲကစား ရမှတ် ၂၀၊ Chinland အသင်းက ကိုးပွဲကစား ၁၉ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ရှစ်ပွဲကစား ၁၃ မှတ်၊ Glory Goal အသင်းက ကိုးပွဲကစား ၁၁ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ကိုးပွဲ ကစား ခုနစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက ကိုးပွဲကစား ငါးမှတ်၊ ဧရာဝတီရိန်းဂျားအသင်းက ကိုးပွဲကစား လေးမှတ်ရရှိထားသည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - MNL-2**

# လူငယ်နှင့် ပရဟိတလုပ်ငန်း

## ■ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

လူငယ်များတွင် မွန်မြတ်သောစိတ်ထား၊ မြင့်မြတ်သောစိတ်ဓာတ်များရှိရန် လိုအပ်သည်။ ကျောင်းသားလူငယ်ဖြစ်စေ၊ လုပ်ငန်းခွင်ရောက် လူငယ်ဖြစ်စေ မွန်မြတ်သောပရဟိတစိတ်ဓာတ် မွေးမြူရန် လိုအပ်သည်။ ပရဟိတ၏ အဓိပ္ပာယ်ကို လေ့လာကြည့်လျှင် လူသားဆန်သောချစ်ခြင်းမေတ္တာ (love of humanity) ဟု အဓိပ္ပာယ်ရပါသည်။ ယခုအခါ ပရဟိတလုပ်ငန်းသည် လူမှုအဖွဲ့အစည်းများတွင် တွင်ကျယ်လာခဲ့ပြီဖြစ်သည်။ ပရဟိတလုပ်ငန်းသည် အခြားသူများကို ပိုမိုကောင်းမွန်သောဘဝများကို ကူညီပေးရန် 'အချိန်၊ ပါရမီနှင့် ရတနာ' (Time၊ Talent and Treasure)လက်ဆောင်များ ပေးကမ်းခြင်းဟု မကြာခဏ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ မိမိလက်ခံယုံကြည်ရာကို လှူဒါန်းခြင်း (ငွေကြေး၊ လုပ်အား) ကဲ့သို့ လက်ဆောင်ပေးခြင်းဖြင့် ပရဟိတလုပ်ငန်းများတွင် လူငယ်များ ပါဝင်ဆောင်ရွက်လာကြသည်။

ကိုဗစ်ကာလတွင် မြန်မာနိုင်ငံ၌ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များနှင့်အတူ လူငယ်များ စိတ်ဝင်တစား တက်ကြွစွာပါဝင်သော ပရဟိတလုပ်ငန်းများ ပိုမိုများပြားလာခဲ့သည်။ အထူးသဖြင့် ရေဘေး၊ မီးဘေး၊ သဘာဝဘေးအန္တရာယ်များ ကြုံကြိုက်သောအခါ ပရဟိတအဖွဲ့များ၏ တက်ကြွစွာ ပါဝင်မှုများသည် အရေးပါလာသည်။ ဤတွင် စွန့်စားလိုသော၊ ရဲရင့်သော ပရဟိတစိတ်ဓာတ်ရှိသည့် လူငယ်တို့၏ စွမ်းပကားကို အထင်အရှား တွေ့မြင်လာရသည်။

လူငယ်များအနေဖြင့် ပရဟိတနှင့် လှူဒါန်းမှုများ၏ ကွာခြားသောသဘောသဘာဝကို သိထားရန် လိုသည်။ အခြေခံအားဖြင့် ပရဟိတနှင့် လှူဒါန်းမှုသည် လိုအပ်နေသူများကို ကူညီခြင်းဖြစ်သည်။ ထူးခြားသောကွဲပြားမှုမှာ လှူဒါန်းမှုသည် လူတို့အား ပေးကမ်းမှု၏ လက်ငင်းပုံစံဖြစ်သော်လည်း ပရဟိတမှာမူ ယခုအချိန်နှင့် တစ်ကြိမ်မဟုတ်ဘဲ အချိန်ကြာမြင့်စွာ လူများနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ကူညီခြင်းဖြစ်သည်။

စင်စစ် ပရဟိတလုပ်ငန်းများ၏ စွမ်းအားမှာ အရင်းအနှီးကို ပိုမိုကောင်းမွန်သော ကမ္ဘာတစ်ခု ဖန်တီးရန်အတွက် စွမ်းရည်အဖြစ် ပြောင်းလဲရန်ဖြစ်သည်။ ပရဟိတလုပ်ငန်းသည် စုပေါင်းလုပ်ဆောင်မှုနှင့် မျှဝေထားသော ရည်ရွယ်ချက်အတွက် လေ့ကျင့်ခန်းတစ်ခုဖြစ်ရာ လူငယ်များအနေဖြင့် ပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သော အလေ့အကျင့်များ မွေးမြူထားသင့်သည်။ ပရဟိတလုပ်ငန်းသည် လူ့အဖွဲ့အစည်း၏ စွန့်စားမှုအရင်းအနှီးဟု ဆိုကြသည်။ ပရဟိတလုပ်ငန်းကို အခြားသူများ၏ ကောင်းကျိုးချမ်းသာကို မြှင့်တင်လိုသော ဆန္ဒဖြင့် ဆောင်ရွက်မှုဟု သိနားလည်ထားကြသည်။ ပုံမှန်အားဖြင့် မိမိတို့၏စေတနာဖြင့် ကူညီသင့်သည်ကို ကူညီရန် ကုသိုလ်တရားများဖြင့် ငွေအားရက်ရောစွာ လှူဒါန်းမှုဟုလည်း မှတ်ယူထားကြသည်။



(၂၂-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

(ဆက်လက်ဖော်ပြပါမည်)

ပရဟိတ၏ သဘောသဘာဝကို လူငယ်များ သိရှိရန်လေ့လာထားသင့်ပါသည်။ ပရဟိတအလုပ်သည် လူမှုပတ်ဝန်းကျင် ကောင်းကျိုးအတွက် လူအများနှင့် ထိတွေ့ဆက်ဆံရသော လုပ်ငန်းဖြစ်သည်။ လူသားချင်းစာနာမှုဖြင့် ဒုက္ခအဝဝကို သက်သာလျော့နည်းစေရန် ကူညီသောလုပ်ငန်းဖြစ်သည်။ လူသားအချင်းချင်းကူညီရိုင်းပင်းသော လူသားဆန်သည့်စိတ်ဓာတ်ဖြင့် လူသားတို့၏ အခက်အခဲဒုက္ခများကို မျှဝေခံစားနားလည်ပြီး ကူညီပေးသော စွန့်စားမှုလုပ်ရပ်ပင်ဖြစ်သည်။

လူငယ်များအနေဖြင့် ပရဟိတလုပ်ငန်း၏ လေးနက်သောတန်ဖိုးများကို နားလည်ခြင်းဖြင့် လူမှုအသိုက်အမြုံအတွက် တစ်တပ်တစ်အား ပါဝင်ရပေမည်။ ပရဟိတ၏ အဖိုးတန်သောတန်ဖိုးများသည် လူသားတို့၏ အရင်းအမြစ်များ (the fourt's) ဖြစ်သည့် အချိန်(time)၊ ပါရမီ(Talent)၊ ရတနာ(Treasure)နှင့် ချည်နှောင်ဆက်စပ်မှုများ(Ties) ဖြင့် လုပ်ဆောင်သင့်သည့်အရာများကို လူ့အဖွဲ့အစည်းအတွက် ချိန်ညှိဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် ပရဟိတလုပ်ငန်းများသည် တန်ဖိုးကိုအခြေခံသော ပရဟိတလုပ်ငန်းများဖြစ်သည်။

ပရဟိတလုပ်ငန်းများတွင် အဓိကကျသော လူ့စွမ်းအားအရင်းအမြစ်မှာ လူငယ်များပင်ဖြစ်သည်။ လူငယ်များ၏ သဘာဝက ရဲရင့်သည်၊ တက်ကြွသည်၊ အများအကျိုးတွင် ပါဝင်လိုသည်၊ စွန့်စားလိုသည်၊ ကူညီလိုသည်။ ဤပရဟိတစိတ်ဓာတ်အခြေခံဖြင့် လူငယ်အများစုသည် ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များတွင် တက်ကြွစွာ ပါဝင်လာကြသည်။ ပရဟိတလုပ်ငန်းတွင် အချို့သူများက ထိုက်တန်သော အကြောင်းပြချက်တစ်ခုအတွက် ငွေလှူဒါန်းခြင်းပြုလုပ်သည်။ လူငယ်များက စေတနာ့ဝန်ထမ်းဖြင့် အချိန်နှင့် လုပ်အားပေးခြင်း ပြုလုပ်ကြသည်။

ထိရောက်သော ပရဟိတလုပ်ငန်းများသည် မိမိတို့ဆောင်ရွက်ရမည့် ပန်းတိုင်များ သတ်မှတ်ကြသည်။ သဘာဝဘေးအန္တရာယ်၏ အကြောင်းရင်းကို စူးစမ်းလေ့လာပြီး ပံ့ပိုးရမည့်နေရာအတွက် လေ့လာကြသည်။ ယင်းပန်းတိုင်များအောင်မြင်ရေးအတွက် အရင်းအမြစ်များ (လူ၊ ငွေကြေး၊ ပစ္စည်း) စသည် ရှာဖွေပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ပရဟိတလုပ်ငန်းအတွေ့အကြုံကျွမ်းကျင်သူများ၏ လမ်းညွှန်မှုနှင့် အကြံဉာဏ်ရယူကြသည်။

လူမှုအဖွဲ့အစည်းတွင် တွေ့ကြုံနေရသော ဘေးအန္တရာယ်များ ဖြေရှင်းရာတွင် ပရဟိတနည်းဗျူဟာများသည် ပြဿနာများဖြေရှင်းခြင်းအတွက် ကူညီပေးနိုင်သည်။ ပရဟိတလုပ်ငန်းများသည် အစိုးရအဖွဲ့အစည်းများ၊ အခြားမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး စုပေါင်းကြိုးပမ်းလုပ်ဆောင်မှုများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အလှူရှင်များ၏ ပေးကမ်းလှူဒါန်းမှုများကို အသိအမှတ်ပြုသော ယဉ်ကျေးမှုကို ဖန်တီးထားရမည်ဖြစ်သည်။ ထပ်မံလှူဒါန်းမည့် အလှူရှင်များအား လှုံ့ဆော်ပေးနိုင်မည်ဖြစ်သည်။ ပရဟိတလုပ်ငန်းများကို လူအများလက်ခံယုံကြည်အောင် လက်တွေ့ပြသနိုင်မည်ဖြစ်သလို ဂုဏ်သိက္ခာရှိသောလုပ်ငန်းအဖြစ် ဖော်ညွှန်းနိုင်ရမည်ဖြစ်သည်။

ပရဟိတလုပ်ငန်းများသည် လူမှုအဖွဲ့အစည်းကောင်းကျိုးအတွက် စည်းရုံးဆောင်ရွက်ရာတွင် လူငယ်များ အာရုံစိုက်ရမည့်အချက်များရှိသည်။ ပရဟိတလုပ်ငန်းအတွက် ရန်ပုံငွေရှာဖွေရေးဗျူဟာတွင် အားလုံးပါဝင်ရမည်ဖြစ်သည်။ ယင်းအတွက် ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်သည်။ အောင်မြင်သော ပူးပေါင်းဆောင်ရွက်မှုသည် ပွင့်လင်းမြင်သာမှုအပေါ် အခြေခံသည်။ ပွင့်လင်းမြင်သာမှုသည် ယုံကြည်မှုကို တည်ဆောက်ပေးသည်။

အနာဂတ်၏ခေါင်းဆောင်များဖြစ်သော လူငယ်များ ပရဟိတလုပ်ငန်းများတွင် ပါဝင်လာခြင်းသည် ၎င်းတို့၏ မွန်မြတ်သောစိတ်ဓာတ်ဖြစ်သည်။ လူမှုအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်များ ရရှိလာမည်ဖြစ်သည်။ နိုင်ငံတကာတွင်လည်း ပရဟိတအဖွဲ့အစည်းများစွာရှိရာ ဘီလ်ဂိတ်ဖောင်ဒေးရှင်းသည် လူသိများသော ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ပရဟိတသမားတစ်ဦး၏ အဓိကတန်ဖိုးများမှာ ယုံကြည်မှု (Trust)၊ လေးစားမှု(Respect)နှင့် နှိမ့်ချမှု(Humility) တို့ဖြင့် ဦးဆောင်မှုပင်ဖြစ်သည်။ ပရဟိတသမားတစ်ဦးသည် တာဝန်ခံမှုရှိရမည်ဖြစ်သည်။ ပံ့ပိုးကူညီသူများအတွက် ပရဟိတသမားများက ကိုယ်တိုင်တာဝန်ယူနိုင်မှသာလျှင် ပရဟိတလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်သည်။

ပရဟိတသမားများသည် လေ့လာသင်ယူမှုကို လက်ခံရမည်ဖြစ်သည်။ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရင်း အတွေ့အကြုံအသစ်၊ စွန့်စားရမှုအသစ်များကို ရင်ဆိုင်ရင်း လေ့လာသင်ယူသွားရမည်ဖြစ်သည်။ ၎င်းတို့ကိုရင်ဆိုင်ရင်း ဖြစ်စဉ်များအတွက် အခွင့်အလမ်းများကို ဆုပ်ကိုင်၍ မိမိတို့၏ ပရဟိတလုပ်ငန်းရည်မှန်းချက်အောင်မြင်မှုသို့ ဦးတည်ဆောင်ရွက်ရမည်ဖြစ်သည်။

အတိုင်းအတာအလိုက် ကမ္ဘာ့အကောင်းဆုံး ပေးကမ်းမှုအညွှန်းကိန်းနိုင်ငံ ၂၀ ကို စစ်တမ်းကောက်လေ့လာရာတွင် နိုင်ငံပေါင်း ၁၄၂ နိုင်ငံအနက် အင်ဒိုနီးရှားနိုင်ငံသည် Charlties Aid Foundation (CAF) 2023 World Giving Index တွင် ရမှတ် ၆၈ ဖြင့် ထိပ်ဆုံးမှရပ်တည်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသားအများစုသည် အခြားနိုင်ငံများထက် သူစိမ်းတစ်ဦးအား ကူညီမှု၊ အလှူငွေများ သို့မဟုတ် ၎င်းတို့၏အချိန်များကို စေတနာ့ဝန်ထမ်း လုပ်ဆောင်ခဲ့ကြသည်။

ယခုအခါ လူငယ်များသည် မိမိဝါသနာပါရာ ပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ပရဟိတလုပ်ငန်းအမျိုးအစားများတွင် ပညာရေးပရဟိတ၊ ကျန်းမာရေးစောင့်ရှောက်မှုပရဟိတလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပရဟိတလုပ်ငန်းများ၊ အနုပညာနှင့် ယဉ်ကျေးမှုပရဟိတလုပ်ငန်းများ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ပရဟိတလုပ်ငန်း၊ အသင်းအဖွဲ့ပရဟိတလုပ်ငန်းများ၊ ရပ်ရွာအရေးနှင့် သာသနာရေးဆိုင်ရာ ပရဟိတလုပ်ငန်းများ ပါဝင်သည်။

သို့ဖြစ်ရာ လူငယ်များသည် ပရဟိတလုပ်ငန်းများတွင် စိတ်ဝင်တစားပါဝင်ခြင်းဖြင့် ပရဟိတသမားတစ်ဦး၏ နှလုံးသားတွင် စာနာမှု(Empathy)ကို သိရှိနားလည်လာမည်ဖြစ်သည်။ ထို့ပြင် အခြားသူများ၏ ခံစားချက်များကို နားလည်မျှဝေနိုင်စွမ်းရှိသည်။ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းလိုသော စိတ်ဓာတ်များ မွေးမြူလာနိုင်မည်ဖြစ်သည်။ အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်တတ်သောစိတ်ဓာတ်ရှိလာမည်။ ပရဟိတလုပ်ငန်းတွင် လူ့စွမ်းအားအရင်းအမြစ်နှင့်အတူ အခြားအရင်းအမြစ်များ၏ အရေးပါမှုကို လက်တွေ့ကျကျ သိမြင်လာမည်ဖြစ်သည်။ ဤသို့ဖြင့် လူငယ်များသည် ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများတွင် မိမိတို့၏ ရဲရင့်သောစွမ်းအားကို ပရဟိတလုပ်ငန်းများတွင် ပါဝင်ပြသနိုင်မည်ဖြစ်ပါသည်။ ။



# စလင်းမြို့နယ် ငလင်ပန်းကျေးရွာ၌ ပဲတောင့်ရှည်သီးနှံများ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**မကွေး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်သည် ဆန်စပါး၊ နှမ်းနှင့် ပဲမျိုးစုံတို့အပြင် စားဖိုဆောင်သီးနှံဖြစ်သည့် ဟင်းသီးဟင်းရွက်များကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ စလင်းမြို့နယ် ငလင်ပန်းကျေးရွာတွင် ပဲတောင့်ရှည်သီးနှံကို စိုက်ဧက ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲတောင့်ရှည်သီးနှံကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဧကရီ ၁၁၁ မျိုးကို စိုက်ပျိုးကြပြီး ပဲတောင့်ရှည်မျိုးစေ့ တစ်ထုပ်လျှင်ငွေကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် မျိုးစေ့လေးထုပ်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် မြေအောက်ရေတင်စနစ်ဖြင့် အတန်းလိုက်အစေ့ချ၍ စိုက်ပျိုးရပြီး ရက်ပေါင်း ၂၀ အကြာတွင် တိုင်ထောင်ပေးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ ဝါး၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းပိဿာ ၂၀၀၀-၃၀၀၀ ခန့် ထွက်ရှိကြောင်း၊ အောက်တိုဘာ တတိယပတ်တွင် ပဲတောင့်ရှည် တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၁၅၀၀-၂၀၀၀ ဖြင့် ရောင်းချရသည့်အတွက် ငွေကျပ် ၁၈၀၀၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် စလင်းမြို့ပေါ်ရှိ ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်း၊ မိုးရွာသွန်းမှုများပြားပြီး အထွက်နှုန်း အနည်းငယ်လျော့နည်းသော်လည်း ပဲတောင့်ရှည်သီးနှံပေါ်စအချိန်တွင် ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိ၍ တွက်ခြေကိုက်ကြောင်း သိရသည်။

**သတင်းရင်းမြစ်**
**စီးပွား/ကူးသန်း**

# ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီ (ဥ) စိုက်များ စတင်စိုက်ပျိုး

**မကွေး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်းသီးနှံ တစ်မျိုးဖြစ်သော ကြက်သွန်နီသီးနှံကို တောင်သူများအနေဖြင့် စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ယခုနှစ် စိုက်ပျိုးရာသီချိန်တွင် ဒေသတွင်း ကြက်သွန်နီဈေးနှုန်း မြင့်တက်လျက်ရှိသောကြောင့် ကြက်သွန်နီ (ဥ) စိုက် တောင်သူများ စိုက်ပျိုးမှုများပြားပြီး စိုက်ဧက ၁၀၀၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



**အမြတ်ရရှိ**

